# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 25 June 2022 ၁၀၇၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဇွန် ၂၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (16th ADMM)သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ တက်ရောက်ကြသည်။**

အစည်းအဝေးမစတင်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့သည် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြပြီး ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီးဘန်း (General Tea Banh)က အဖွင့်အမှာစကားပြောကြား၍ အစည်းအဝေးကို စတင်ဖွင့်လှစ်သည်။

ထို့နောက် အစည်းအဝေးအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် သဘောထားအမြင်စာတမ်းများဖြစ်သည့် နယ်စပ်ဖြတ်ကျော် ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်ရေးတွင် အာဆီယံကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မှုဆိုင်ရာ သဘောထားအမြင်စာတမ်း၊ အာဆီယံငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (16th ADMM)တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ယနေ့ ဖတ်စရာ**


## သတင်း စားသုံးကြသူများ

ဆောင်းပါး စာမျက်နှာ » ၁၁

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂

ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတို

## ခြင်းကြားကြီးနဲ့ ရေကိုယူသဗျ

စာမျက်နှာ » ၁၈





## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၆၈ ဦးအထိရှိလာ

စာမျက်နှာ » ၁၃


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၄

| | |
|---|---|
| ခန္တီး | ၄ ဒသမ ၃၃ လက်မ |
| ပူတာအို | ၃ ဒသမ ၈၆ လက်မ |
| မြောက်ဦး | ၃ ဒသမ ၁၅ လက်မ |
| ဘိုကလေး | ၃ ဒသမ ၁၁ လက်မ |
| ရွှေကျင် | ၂ ဒသမ ၈၇ လက်မ |
| ဇလွန် | ၂ ဒသမ ၈၃ လက်မ |

ကြေးမုံ

# စိုက်ပျိုးမွေးမြူရေးမြှင့်တင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လာမည့် နှစ်နှစ်၊ သုံးနှစ်အတွင်း တိုးတက်ကောင်းမွန်လာမည်ဆိုပါက လာမည့်ငါးနှစ်တာကာလခန့်အတွင်း မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားထားသည်။ ယခုအခါ စိုက်ပျိုးထုတ်ကုန်များ အထွက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်က ဓာတ်မြေသြဇာများ လုံလောက်စွာရရှိရေးကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးတွင် အဓိကအသုံးပြုလျက်ရှိသည့် ဓာတ်မြေသြဇာကို ပြည်တွင်း၌ မလုံလောက်သဖြင့် ပြည်ပမှ မှာယူတင်သွင်းလျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ၌ လိုအပ်လျက်ရှိသည့် ဓာတ်မြေသြဇာများကို တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အလေးထားဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် နွားကောင်ရေ ၁၀ သန်းကျော်ရှိကြောင်းသိရှိရပြီး အခြားကျွဲ၊ ဝက်၊ ဆိတ်၊ ကြက် တိရစ္ဆာန်များကိုလည်း အရေအတွက်များစွာ မွေးမြူကြသဖြင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးကဏ္ဍတွင် လိုအပ်သည့် ဇီဝမြေသြဇာများရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝမြေသြဇာထုတ်လုပ်ရေးအတွက် အရင်းအမြစ်များစွာရှိသဖြင့် အကျိုးရှိအောင်အသုံးချရမည်ဖြစ်သည်။ ဈေးကွက်တွင် အမိုးနီးယား၊ နိုက်ထရိုဂျင်၊ ပိုတက်ရှ်၊ ဖော့စဖိတ်၊ ဆာလဖိတ်နှင့် နိုက်ထရိတ်စသည့် ဓာတ်မြေသြဇာများကို ပြည်ပမှ မှာယူတင်သွင်းကြသည်။ ၂၀၂၀ ပြည့်နှစ်က ဓာတ်မြေသြဇာတစ်တန်ပေါက်ဈေးမှာ ၁၈၂ ဒေါ်လာသာရှိသော်လည်း ရုရှား-ယူကရိန်းစစ်ပွဲ ဖြစ်ပွားပြီးနောက် ဓာတ်မြေသြဇာ ဈေးနှုန်းများ ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ဓာတ်မြေသြဇာစက်ရုံများမှ ထုတ်လုပ်သော ဓာတ်မြေသြဇာကိုလည်း အသုံးပြုကြသည့်အပြင် ထပ်မံလိုအပ်သည်များကို ပြည်ပမှမှာယူတင်သွင်းအသုံးပြုလျက်ရှိသည်။

ယခုအခါ ကျောက်မီးသွေးကို အသုံးပြု၍ ဓာတ်မြေသြဇာထုတ်လုပ်ပြီး ယင်းမှ စွန့်ပစ်အပူဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သဖြင့် အဆိုပါလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မွေးမြူရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချ၍ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများမှ စိုက်ပျိုးရေးတွင်လိုအပ်သည့် ဇီဝမြေသြဇာကို စီးပွားဖြစ်ဆောင်ရွက်နိုင်လျှင် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် ဓာတ်မြေသြဇာအမျိုးမျိုးတို့ကို ပြည်တွင်း၌ထုတ်လုပ်နိုင်သော်လည်း ပြည်ပမှလည်း မှာယူတင်သွင်းနေရသဖြင့် ပြည်တွင်း၌ သဘာဝမြေသြဇာ၊ ဓာတုမြေသြဇာတို့ကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် ဓာတ်မြေသြဇာဈေးနှုန်းများ ကြီးမြင့်နေသဖြင့် စိုက်ပျိုးသူတောင်သူများ အခက်အခဲမရှိစေရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရေး ဦးဆောင်ကော်မတီက စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းရှင်အဖွဲ့များနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီသော ယူရီးယားမြေသြဇာများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေသြဇာ တန် ၇၅၀၀၀ ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဇွန်လ ၁၁ ရက်နေ့မှစတင်၍ နိုင်ငံအနှံ့ မြို့နယ် ၁၃၆ မြို့နယ်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ဓာတ်မြေသြဇာလိုအပ်မှု မြင့်မားလျက်ရှိပြီး ယခုကာလတွင် ဓာတ်မြေသြဇာဈေးနှုန်းများကြီးမြင့်လာမှုကြောင့် လိုအပ်ချက်များ ပြည့်မီရေး၊ ဈေးနှုန်းသက်သာရေး၊ နိုင်ငံခြားငွေယိုဖိတ်မှုလျော့နည်းစေရေးတို့အတွက် သဘာဝမြေသြဇာ၊ ဓာတုမြေသြဇာများကို ပြည်တွင်း၌ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြေသြဇာများကို တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ပါက နောင်လာမည့်ကာလများတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်မှာသေချာသည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး ယင်းလုပ်ငန်းများနှင့်ဆက်စပ်၍ သဘာဝမြေသြဇာများ၊ နိုင်ငံအတွင်း တည်ထောင်ထားသည့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဓာတ်မြေသြဇာစက်ရုံများမှ ဓာတ်မြေသြဇာများကို တိုးတက်ထုတ်လုပ်နိုင်အောင် တီထွင်ကြံဆ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။


MONREC | Multilateral Fund for the Implementation of the Montreal Protocol | World Refrigeration Day | ASHRAE | OzonAction | UN environment

၂၀၂၂ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့
(World Refrigeration Day – WRD)



"Cooling Matters"
"လူနေမှုဘဝ သာယာဖို့ အအေးပေးနည်းပညာ မြှင့်တင်စို့"



ကျန်းမာရေးဝန်ကြီးဌာန MINISTRY OF HEALTH

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် ထပ်ဆောင်းကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံမှု ခံယူရန် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၄-၆-၂၀၂၂)


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၁၅၄ | ၁,၁၅၅,၀၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃၈၆ | ၁,၀၂၂,၉၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၁၅၉ | ၁,၀၉၇,၁၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၀၀ | ၂၅၀,၀၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၅၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၁၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၂၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၉.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၂.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၈၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အမျိုးသမီး တပ်ဖွဲ့ဝင်များအတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ် မြှင့်တင်ခြင်းဆိုင်ရာ သဘောထားအမြင် စာတမ်းနှင့် အာဆီယံကာကွယ်ရေးဆိုင်ရာ ပညာရေးကျောင်းများ၏ ပူးပေါင်းဆောင်ရွက်မှု ထူထောင်ခြင်းဆိုင်ရာ သဘောထားအမြင် စာတမ်းနှင့် စင်ကာပူနိုင်ငံမှ အဆိုပြုတင်သွင်းသည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးအောက်ရှိ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် ဗဟိုဌာနဆိုင်ရာ ရည်ညွှန်းကိုးကား စာစောင်များကို သဘောတူ အတည်ပြုကြသည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် အရှေ့တောင်အာရှပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေးနှင့် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ၏ ပင်လယ်ရေကြောင်း လုံခြုံရေးနယ်ပယ်တို့အကြား သတင်းအချက်အလက်မျှဝေမှု မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးမှုစာတမ်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုတိုးမြှင့်ရန် စစ်သမိုင်းကို ပံ့ပိုးဖော်ဆောင်ရွက်မှုပြုခြင်း ဆွေးနွေးမှုစာတမ်းတို့ကိုလည်း အသိအမှတ်ပြုကြသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုတင်သွင်းသည့် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးကိုအထောက်အကူပြုသည့် ကာကွယ်ရေးကဏ္ဍ၏ အခန်းကဏ္ဍဆိုင်ရာ ဖနောင်ပင်အမြင်အား အတည်ပြုခြင်းနှင့် ဟန်ချက်ညီ လုံခြုံရေးအတွက် ပေါင်းစည်းညီညွတ်မှု ခိုင်မာစေမည့် ကာကွယ်ရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်အား ဖနောင်ပင်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် သွားရောက်တွေ့ဆုံဂါရဝပြုကြသည်။

**တက်ရောက်**

ထို့နောက် ဆက်စပ်အစည်းအဝေးများအနေဖြင့် အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ-တရုတ် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော ရုပ်သံအစည်းအဝေးများကို ဆက်လက် ကျင်းပပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေဖုန်းဟေ(We Fenghe)၊ ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး ကီရှိနိုဘူ(KISHI Nobuo)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးများ တက်ရောက်ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံရုံး၊ စစ်သံရုံးတို့မှမိသားစုဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံတွင် ခမာဘာသာစကားသင်တန်း တက်ရောက်နေသည့် မြန်မာသင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

**ပို့ဆောင်နှုတ်ဆက်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သူရလှမင်းနှင့် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ည ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပါဝင်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံနှင့် တပ်မတော်၏ သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်း ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်းကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များရရှိစေပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်းတို့ကို ဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှေးဟောင်းသမိုင်းဝင် ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရှေးဟောင်းသမိုင်းဝင် ဝဇီရာရုပ်ရှင်ရုံအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံကို ဂုဏ်ပြုခံ ကဇာတ်ရုံ (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အဆင့်အတန်းမြင့်မြင့် ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင်သမိုင်းတွင် အရေးပါသည့် ရှေးဟောင်းသမိုင်းဝင် ရုပ်ရှင်ရုံကြီးအား အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကြီးသည် ၁၉၂၀ ပြည့်နှစ်ကတည်ဆောက်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ရုပ်ရှင်ပြဇာတ်ရုံကြီးတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ရှေးဟောင်းရုပ်ရှင်ရုံကြီးများကို တန်ဖိုးထားထိန်းသိမ်းကာ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အနုပညာဖန်တီးမှုများကို စီစဉ်ပြသလျက်ရှိကြပါကြောင်း၊ ရုပ်ရှင်ရုံကြီးကို ပြင်ဆင်ရာတွင် သာမန်အဆောက်အအုံတစ်ခုပြင်ဆင်ထိန်းသိမ်းသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်၍မရဘဲ ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း စနစ်တကျ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကြီး ပြင်ဆင်ထိန်းသိမ်းပြီးပါက စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်အသီးသီးမှ ပွဲလမ်းသဘင်များကို စီစဉ်ကျင်းပနိုင်တော့မည်ဖြစ်ပါကြောင်း၊ ရှေးဟောင်းသမိုင်းဝင် ရုပ်ရှင်ရုံကြီးဖြစ်သဖြင့် ခင်းကျင်းပြသမှုအပိုင်း၊ ဖျော်ဖြေတင်ဆက်မှုအပိုင်းများတွင် အဆင့်အတန်းမြင့်မြင့် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးမြင့်အောင်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ပြန်ကြားရေးမှူး ဒေါ်ပတ္တမြားကေခိုင်နှင့် တာဝန်ရှိသူများက အကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားပြီး ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဝဇီရာရုပ်ရှင်ရုံကို ၁၉၂၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ကာ မြန်မာနိုင်ငံ၌ ရှေးအကျဆုံး ရုပ်ရှင်ပြဇာတ်ရုံဖြစ်ပြီး မူလနာမည်မှာ Excelsior (အိတ်ဆဲစီယာရုံ) ဖြစ်သည်။ ၁၉၄၂ ခုနှစ်တွင် "အောဝမ်းရုပ်ရှင်ရုံ"ဟူ၍လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် "ဝဇီရာ" ဟူ၍လည်းကောင်း အမည်ပြောင်းခဲ့ပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် အလျား ၁၁၅ ပေခန့်၊ အနံပေ ၁၄၀ ခန့်ဖြင့် တည်ဆောက်ထားရှိသည်။

**လျာထားဆောင်ရွက်လျက်ရှိ**

ဝဇီရာရုပ်ရှင်ရုံသည် ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ ယခုအခါ ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများ ကျင်းပနိုင်ပြီး သင်တန်းကျောင်း၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာအဖြစ်လည်းကောင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များ ကျင်းပရန်နေရာအဖြစ်လည်းကောင်း လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်ပခရီးသွား ဧည့်သည်များ၊ ရှေးဟောင်းအမွေအနှစ် ပြတိုက်တစ်ခုအဖြစ် လည်ပတ်ရန် နေရာတစ်ခုအဖြစ် ဖန်တီး၍ စနေ၊ တနင်္ဂနွေနေ့များတွင် ရှေးဟောင်းဇာတ်ကားများ ပြသခြင်း၊ ရုပ်သေးပွဲများပြသခြင်း၊ ရုပ်ရှင်နှင့်ပတ်သက်သည့် ပြခန်းများပြုလုပ်နိုင်ရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်



နေပြည်တော် ဇွန် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသား သမီးများနှင့် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

## ပေးအပ်ချီးမြှင့်

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသော ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မနိုးမွန်မွန်အောင်နှင့် အောင်ချက်အကောင်းဆုံး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးက ငါးဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ရာနှုန်းပြည့်အောင်မြင်သည့် အထူးဆုရ လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းတစ်ကျောင်းတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၏ဇနီးက အောင်ချက် ၇၀ ရာခိုင်နှုန်းအထက် အောင်မြင်သော လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ငါးကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

## လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် လေးဦးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦးတို့ကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မနိုးမွန်မွန်အောင်က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ဆုရကျောင်းသား ကျောင်းသူများသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းအုပ်များ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

## ဂုဏ်ပြုဆုများ ချီးမြှင့်

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်၊ ကောလိပ်များ၌ တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီး ၁၈၀၊ အခြေခံပညာကျောင်းများတွင် တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီး ၁၂၉၇ ဦး စုစုပေါင်း ၁၄၇၇ ဦးတို့အတွက် အတန်းလိုက်ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၂၄ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၅၀ တို့ကို ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၉၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ပထမဆုရ တီးတိန် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၉၀ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရ ပင်းတယ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၈၈ ရာခိုင်နှုန်းဖြင့် တတိယဆုရ မအူပင်လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ အထူးဆုရ ကြာအင်းဆိပ်ကြီး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၇၀ ရာခိုင်နှုန်းအထက်ရရှိခဲ့သော နန်းယွန်း၊ ပခုက္ကူ၊ လားရှိုး၊ ဆိုက်ခေါင်နှင့် ဘိုကလေး လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း ငါးကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

တောင်ကြီး ဇွန် ၂၄

ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လိုင်စင်ဆိုင်ရာ ကိစ္စရပ်များကို အတည်ပြု ဆုံးဖြတ်မည်ဖြစ်၍ အခြားသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ဆက်စပ်နေသော ကိစ္စရပ်များ ဆွေးနွေးရန်၊ ခရီးသွားလုပ်ငန်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးတို့ကို အထောက်အကူဖြစ်စေသည့်အတွက် စနစ်တကျ ဖွံ့ဖြိုး တိုးတက်လာစေရန် ပေါင်းစပ် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ယခင်ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်မှ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြီး ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူရန် ကိစ္စရပ်များနှင့် မှတ်တမ်းတင်ရန် ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက အထွေထွေဆွေးနွေးကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**






# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန တစ်ဖက်ပိတ်ဆည်အနီး၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က နှစ်ရှည်အရိပ်ရ ပန်းအလှပင်ဖြစ်သည့် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဝန်ထမ်းများက ပျိုးပင်များကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများက တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမ အစရှိသော ငါးသားပေါက်ကောင်ရေ ပေါင်း ၂၀၀၀၀ ကို စိုက်ထည့်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

## စိုက်ပျိုး

ယခုနှစ် ဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဝန်ကြီးဌာနရုံး အဆောက်အအုံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အရိပ်အာဝါသကောင်းမွန်စေရန်နှင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ထိန်းသိမ်းမှု အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကာ အဖိုးတန်ရတနာ တန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော် ပျိုးပင်ပေါက် ၂၅၀ နှင့် အရိပ်ရလေကာပင်၊ သီးပင် စားပင်၊ အရိပ်ရပန်းအလှပင်ပေါင်း ၃၀၀ စုစုပေါင်း ပျိုးပင် ၅၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်  ဇွန် ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ရုံးဆောက်လုပ်မည့် မြေနေရာအနီး၌ ကျင်းပသည်။

**စိုက်ပျိုး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မဟော်ဂနီပင်များနှင့် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့များသည် အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် မိုးရာသီနှင့် ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၅၀၊ မဟော်ဂနီပင် ၁၅၀၊ ဒန့်သလွန်ပင် ၅၀၀၊ မန်ကျည်းပင် ၁၀၀၀၊ တစ်ရှူးငှက်ပျောပင် ၂၀၀၊ ထိုင်ဝမ်သဘော်ပင် ၃၀၀၊ စိန်တလုံးသရက်ပင် ၈၅၀ နှင့် ဝါးပိုးဝါးပင် ၁၀၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်းနှင့် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပင်များနှင့် ရတနာတန်းဝင်ကျွန်းပင် စုစုပေါင်း ၂၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# မော်ဘီမြို့နယ်၌ တိရစ္ဆာန်အစာနေဗီယာမြက် သရုပ်ပြစိုက်ပျိုးပွဲ ပြုလုပ်

**မော်ဘီ  ဇွန် ၂၄**

ရန်ကုန် မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မိုးရာသီ တိရစ္ဆာန်အစာ နေဗီယာမြက် စိုက်ပျိုးခြင်း အခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ယင်းတိုက်ပင် ကျေးရွာအုပ်စု ရေကျော်ရွာရှိ နွားမွေးမြူရေး တောင်သူ ဦးရမ်ကူးမား၏ မြေနေရာတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါအုန်းက မွေးမြူသူတောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် မိရိုးဖလာ လွတ်ကျောင်းစနစ်မှ ရိတ်ကျွေးစနစ် ဖွံ့ဖြိုးလာစေမည်ဖြစ်ပြီး အာဟာရတန်ဖိုး မြင့်မားသော မြက်မျိုးများ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်များ ကြီးထွားနှုန်းမြင့်မားလာကာ ထုတ်လုပ်မှုများ ကောင်းမွန်ခြင်း၊ အစာဖိုးကုန်ကျစရိတ်များ သက်သာခြင်းတို့ကြောင့်လည်း မွေးမြူသူများအနေဖြင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးမှုအလေ့အထများ ရှိလာစေမည်ဖြစ်သလို မွေးမြူရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



**တက်ရောက်**

တိရစ္ဆာန်အစာ နေဗီယာမြက် စိုက်ပျိုးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြတ်ကျော်၊ မြို့နယ် စီမံကိန်းဦးစီးမှူး ဒေါ်ငုဝါကျော်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

■



# ဟုမ္မလင်းမြို့နယ်၌ တိရစ္ဆာန်အစာနေဗီယာမြက် သရုပ်ပြစိုက်ပျိုးပွဲ ပြုလုပ်

**ဟုမ္မလင်း  ဇွန် ၂၄**

၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာနေဗီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက် ၉ နာရီက ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်မှ တောင်သူ ဦးခင်မောင်ရင်၏ ယာမြေတွင် ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းခန့်ဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ပြောကြား**

"တိရစ္ဆာန်အစာနေဗီယာမြက်က တခြားမြက်၊ ကောက်ရိုးတွေထက် အသားဓာတ်ပိုရရှိပြီး ကျွဲ၊ နွားအပါအဝင် ကြက်၊ ဝက်၊ ဆိတ်နဲ့တိုင်းရင်းကြက်တွေကိုပါ အမှုန့်ကြိတ်ပြီး ဆန်ကွဲ၊ ပဲကြမ်းတို့နဲ့ ရောစပ်ကျွေးနိုင်ပါတယ်"ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာမင်းခန့်ဇော်က ပြောကြားသည်။

လင်းလင်း(ပြန်/ဆက်)

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ပြည်သူ့ဆက်ဆံရေးဘာသာရပ်သင်တန်းဖွင့်

**စစ်တွေ  ဇွန် ၂၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ရုံးတွင် ပြည်သူ့ဆက်ဆံရေးဘာသာရပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းကို ယနေ့ညနေ ၃ နာရီက အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ သင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး ဦးတင်ကိုဝင်းက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ဝန်ဆောင်မှုပေးနေသည့်ဌာနဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးသည် ပြည်သူများနှင့်ထိတွေ့ဆက်ဆံရာတွင် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ သိရှိနားလည်ရန်လိုအပ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး၏ အဓိပ္ပာယ်၊ သဘောသဘာဝများ၊ ပြည်သူ့ဆက်ဆံရေးတွင် သတိပြုရမည့် အချက်များ၊ ပြည်သူ့ဆက်ဆံရေးနည်းလမ်းများ၊ ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် လိုက်နာသင့်သည့်အချက်များစသည့် ပြည်သူ့ဆက်ဆံရေးနှင့် သက်ဆိုင်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ဟင်္သာတမြို့နယ်၌ ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ မြေခံထည့်သွင်းခြင်း သရုပ်ပြ

**ဟင်္သာတ  ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် တောင်ကလုံအုပ်စု လက်ပံကုန်းကျေးရွာမှ တောင်သူဦးကျော်ရွှင်၏လယ်၌ ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း သရုပ်ပြပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။



အဆိုပါသရုပ်ပြပွဲသို့ ဟင်္သာတခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်အောင်၊ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းလွင်ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲမှုစာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက သစ်စိမ်းမြေဩဇာထည့်သွင်းအသုံးပြုခြင်းကြောင့် မြေသားတည်ဆောက်မှု တိုးတက်ကောင်းမွန်စေပြီး မြေတွင်းအာဟာရများ ကြွယ်ဝစေမည့်အပြင် ပေါင်းသတ်ဆေးများ၊ ဓာတ်မြေဩဇာများ ရေရှည်အသုံးပြုခြင်းကြောင့် မြေဆီလွှာအတွင်း သဘာဝမြေဩဇာများပျက်စီးခြင်း၊ အကျိုးပြုအဏုဇီဝများ နည်းပါးခြင်းကို အလွယ်ကူဆုံး အသက်သာဆုံးဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ကြောင်း ပြောကြားခဲ့သည်။

ကိုဇော် (ဟင်္သာတ)

# ကသာမြို့နယ်၌ နေဗီယာမြက် သရုပ်ပြစိုက်ပျိုး

**ကသာ  ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မိုးရာသီ တိရစ္ဆာန်အစာပင် နေဗီယာမြက် သရုပ်ပြစိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ကသာမြို့နယ်တုန်းပေါ်ကျေးရွာမှ တောင်သူ ဦးမျိုးဇော်ထွန်း၏ ယာမြေတစ်ဧကပေါ်တွင် ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲသို့ ကသာခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာညွန့်သောင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြစိမ်းရောင်ကျေးရွာကော်မတီနှင့် အဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၇၅ ဦး တက်ရောက်ကြပြီး ကျွဲ၊ နွားများအာဟာရအဖြစ် ကျွေးမွေးရန် မိုးရာသီတိရစ္ဆာန် အစာပင် နေဗီယာမြက်ကို စိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်

မောင်သင်းပျံ့



ဘိန်းခင်းဖျက်ဆီးနေမှုကို တွေ့ရစဉ်။

(ယမန်နေ့မှအဆက်)

**ဘိန်း၊ မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့် တရားခံများ ဖမ်းဆီးရရှိမှု**

တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကကျသောပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် အိမ်နီးချင်းနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း အမှုပေါင်း ၆၉၉၀၊ တရားခံပေါင်း ၁၀၀၆၃ ဦးတို့ကို ဘိန်းမှု ၁၆၀ (၂၆၃၂ ကီလိုကျော်)၊ ဘိန်းဖြူ ၃၀၁ မှု (၂၅၂၆ ဒသမ ၁၀ ကီလိုကျော်)၊ စိတ်ကြွဆေးပြား ၄၆၈၉ မှု (၁၉၈ သန်းကျော်)၊ အိုက်စ် ၁၂၆ မှု (၁၄ တန်ခန့်)၊ ဆေးခြောက် ၃၃၃ မှု (ကီလို ၅၀၀ ကျော်)၊ ဘိန်းဆီခဲ ၂၉ မှု (၁၂၉ ကီလိုကျော်)၊ ဘိန်းစာမှုန့် အမှု ၈၀ (တစ်တန်ကျော်)၊ အက်တက်စီဆေးပြား ခြောက်မှု (၁၄၆၄၁၄ ပြား)၊ ထရာမဒေါလ်ဆေးတောင့် သုံးမှု (၆၀၅၅ တောင့်)၊ ကက်တမင်း ရှစ်မှု (၇၆၂ ကီလိုကျော်)၊ ကဖင်း နှစ်မှု (ကိုးတန်ကျော်)၊ ဆာလဖျူရစ်အက်စစ် နှစ်မှု (လီတာ ၁၈၃၄၀)၊ အက်ဆီတုန်း လီတာ ၃၀၀၀၊ တော်လူအင်း ငါးမှု (လီတာ ၅၀၄၀၀)၊ ဆိုဒီယမ်ဆိုင်ရာနိုက် ငါးမှု (၄၈ တန်ကျော်)နှင့် အခြားဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ အိမ်စီးယာဉ် ၄၅၃ စီး၊ ကုန်တင်ယာဉ် ၁၀၇ စီး၊ ခရီးသည်တင်ယာဉ်၁၈စီး၊ အငှားယာဉ် ၂၂ စီး၊ စက်လှေ အစင်း ၂၀၊ သစ်သားလှေ နှစ်စင်း၊ ကရိန်းယာဉ် တစ်စီး၊ ကွန်တိန်နာ နှစ်စီး၊ ထော်လာဂျီ(အီတန်) နှစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ ဆီဘောက်ဆာယာဉ် သုံးစီး၊ ဘက်ထရီစက်ဘီးတစ်စီးတို့ကို သိမ်းဆည်းရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် အလွှာအသီးသီးမှ တရားခံများကို ဖမ်းဆီးခဲ့သည်။

**ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု**

ဘိန်းဖြူအများဆုံးထွက်ရှိရာ ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်သန်း၍ ကချင်ပြည်နယ်သို့ လည်းကောင်း၊ အိန္ဒိယနိုင်ငံနယ်စပ်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ထိုင်းနိုင်ငံနယ်စပ်နှင့် လာအိုနိုင်ငံနယ်စပ်သို့ လည်းကောင်း၊ ကရင်ပြည်နယ်မှ ထိုင်းနိုင်ငံနယ်စပ်သို့လည်းကောင်း လျှို့ဝှက်သယ်ဆောင်၍ ရောင်းဝယ်လေ့ရှိသည်။

**စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်မှု**

၂၀၂၁ ခုနှစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်မှ အများဆုံးထုတ်လုပ်လျက်ရှိပြီး နည်းလမ်းမျိုးစုံဖြင့် ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ သယ်ဆောင်လျက်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့မှ တစ်ဆင့် ထိုင်းနိုင်ငံနယ်စပ်သို့ သယ်ဆောင်သည့်အပြင် ပြည်တွင်းကို ဖြတ်သန်း၍ ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံနယ်စပ်သို့ လမ်းကြောင်းပြောင်းလဲ သယ်ဆောင်လေ့ရှိသည်။ ထို့အပြင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများကို မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်သို့လည်းကောင်း သယ်ဆောင်ရောင်းဝယ်ခဲ့ကြသည်။

**အိုက်စ်သယ်ဆောင်ရာလမ်းကြောင်းနှင့် အများဆုံးဖမ်းဆီးရရှိသောဒေသများ**

၂၀၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်မှ ထွက်ရှိသော အိုက်စ်များကို ရှမ်းပြည်နယ်အရှေ့ပိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်တို့သို့ လည်းကောင်း၊ ပြည်တွင်းကို ဖြတ်သန်း၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံနယ်စပ်သို့ လည်းကောင်း၊ ပင်လယ်ရေကြောင်းဖြင့် မလေးရှားနိုင်ငံရေပိုင်နက်သို့လည်းကောင်း တရားမဝင် သယ်ဆောင်လျက်ရှိသည်။

ထိုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဖမ်းဆီးရရှိမှု၏ ၅၃ ဒသမ ၇၄ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်တွင် လည်းကောင်း၊ ၂၅ ဒသမ ၉၁ ရာခိုင်နှုန်းကို မွန်ပြည်နယ်တွင်လည်းကောင်း၊ ၁၀ ဒသမ ၉ ရာခိုင်နှုန်းကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၉ ဒသမ ၃ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၀ ဒသမ ၁၁ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် လည်းကောင်း ဖမ်းမိခဲ့သည်။

**အက်ဖီဒရင်း**

ယခင်က စိတ်ကြွဆေးပြားများ ထုတ်လုပ်ရာတွင် အဓိကပါဝင်သော ဓာတုပစ္စည်းဖြစ်သည့် အက်ဖီဒရင်းနှင့် ဆူဒိုအက်ဖီဒရင်းများကို ၂၀၂၀ ပြည့်နှစ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၅ သိန်း၊ ဆူဒိုအက်ဖီဒရင်းအမှုန့်အမှု နှစ်မှု(၂ ဒသမ ၇ ကီလို) ဖမ်းဆီးရမိပြီး ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရရှိမှုမရှိသောကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်သူတို့သည် အက်ဖီဒရင်းများအစား အခြားဓာတုပစ္စည်းများကို ပြောင်းလဲအစားထိုး၍ မူးယစ်ဆေးဝါးများ ထုတ်လုပ်လာကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များက ပြသလျက်ရှိသည်။

**ကဖင်းဖမ်းဆီးရရှိမှု**

၂၀၂၀ ပြည့်နှစ်တွင် ကဖင်း ၁၁ တန်ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကဖင်း ကိုးတန်ကျော် ဖမ်းဆီးရမိခဲ့သည်။ ကဖင်းအများစုမှာ မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရှိရပါသည်။

**ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရရှိမှု**

မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ဓာတ်ပြုပစ္စည်းများဖြစ်သည့် ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင် ယခင်က ၂၈ မျိုးကို ထိန်းချုပ်ထားခဲ့သော်လည်း မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်သူများသည် အဆိုပါထိန်းချုပ်ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသေးသော ဓာတုပစ္စည်းများကို တရားမဝင် သယ်ဆောင်ကာ ပြုပြင်ပြောင်းလဲထုတ်လုပ်နေကြောင်း ဖမ်းဆီးရရှိမှုဖြစ်စဉ်များအရ သိရသောကြောင့် (၆၃) ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေး (CND)မှ ထိန်းချုပ်သည့် ဓာတုပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ ဓာတုပစ္စည်း စုစုပေါင်း ၁၁ မျိုးကို ၂၀၂၁ ခုနှစ် မေလ ၂၆ ရက်မှစ၍ ထပ်မံထိန်းချုပ်ခဲ့ရာ စုစုပေါင်း ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ၃၂ မှု (စုစုပေါင်း တန်ဖိုးငွေကျပ် ၉၈၈၈ သန်းကျော်)ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ၅၇ မှု (စုစုပေါင်း တန်ဖိုးငွေကျပ် ၆၅၃၈ သန်းကျော်) ဖမ်းဆီးနိုင်ခဲ့ပါသည်။

ထိန်းချုပ်ဓာတုပစ္စည်းကို ဘက်ပေါင်းစုံမှ ထိန်းချုပ်ကန့်သတ်ထားသောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သူတို့သည် ဆိုဒီယမ်ဆိုင်ရာနိုက်များကို မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် P2P နည်းလမ်းဖြင့် ထုတ်လုပ်လာသည်။ ဆိုဒီယမ်ဆိုင်ရာနိုက်များကို မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် တင်သွင်းလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ၂၃ တန်ကျော်၊ ၂၀၁၉ ခုနှစ်တွင် လေးတန်ကျော်၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၇ တန်ကျော်၊ ၂၀၂၁ ခုနှစ်တွင် ၄၈ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။

**နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်၍ တရားခံများကို လွှဲပြောင်း**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နယ်စပ်ဒေသ နှစ်နိုင်ငံအချင်းချင်း သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဆက်ဆံရေးရုံးများကို တရုတ်နယ်စပ် လွယ်ဂျယ်၊ မူဆယ်၊ လောက်ကိုင်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် လေးရုံး၊ လာအိုနယ်စပ်တွင် ဝမ်ပုံနှင့် ဝမ်ကျင်း နှစ်ရုံး၊ ထိုင်းနယ်စပ်ဖြစ်သော တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့တွင် သုံးရုံး၊ အိန္ဒိယနယ်စပ်တွင် ပန်ဆောင်၊ တမူးနှင့် ရိဒ်ခေါဒါရ်တို့တွင် သုံးရုံး၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောတွင် တစ်ရုံးဖြင့် စုစုပေါင်း ၁၃ ရုံးကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ သို့




ပြင်ဦးလွင်မြို့နယ် X-Ray Station(ဝက်ဝံ) ရှောင်ကွင်းလမ်း ပင်လိန်ကျေးရွာနှင့် ပွဲကောက်ကျေးရွာကြားလမ်း၌ ၃-၅-၂၀၂၂ ရက်နေ့က မလေးရှားနိုင်ငံရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၆ ဒသမ ၂၇၅ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံများအား ဖမ်းဆီးရမိစဉ်။



ရှမ်းပြည်နယ် နောင်တရားဒေသ၌ မယ့်ဖာလုံဖောင်ဒေးရှင်းက အစေ့ထုတ်ပြောင်း စံပြကွက် ရိတ်သိမ်းပွဲ ပြုလုပ်ပေးစဉ်။

○ စာမျက်နှာ ၆ မှ

နယ်စပ်ဆက်ဆံရေးရုံး ဖွင့်လှစ်၍ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများအတွင်း ပြစ်မှုအမျိုးမျိုးဖြင့် တိမ်းရှောင်နေသော တရားခံများကို ဖော်ထုတ်ဖမ်းဆီးပြီး နိုင်ငံချင်း လွှဲပြောင်းပေးနိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးမှု ၁၆ ကြိမ် (တရားခံ ၂၀)၊ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အီတလီနိုင်ငံသို့ လွှဲပြောင်းပေးမှု တစ်ကြိမ် (တရားခံတစ်ဦး)၊ ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးမှုတစ်ကြိမ် (တရားခံတစ်ဦး) ၂၀၀၅ ခုနှစ်မှ၂၀၁၃ ခုနှစ်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှုသုံးကြိမ်(တရားခံသုံးဦး)၊ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှု တစ်ကြိမ် (တရားခံတစ်ဦး)၊ ၂၀၀၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမှု ၂၉ ကြိမ် (တရားခံ ၇၃ဦး)၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လွှဲပြောင်းပေးမှု ၁၈ ကြိမ် (တရားခံ ၁၇ ဦး) ဖြစ်သည်။

**ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်။

**သုံးနိုင်ငံ အထူးစစ်ဆင်ရေးများ**

ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ မဝင်ရောက်စေရေးနှင့် ဒေသအတွင်းမှ မူးယစ်ဆေးဝါးများ ဒေသအပြင်သို့ မရောက်ရှိစေရေး၊ လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား တစ်ချိန်တည်း တစ်ပြိုင်တည်း မိမိနိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်သည့် ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေး စီမံချက်တွင် မြန်မာနိုင်ငံ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့ ပါဝင်ရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၃၀ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း ရှမ်းရိုးမ (၄) အထူးစစ်ဆင်ရေးဖြင့် သုံးနိုင်ငံစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၃၁၉ မှု၊ (တရားခံပေါင်း ၄၁၅ ဦး)တို့အား ဒေသတန်ဖိုးငွေကျပ် ၄၀ ဒသမ ၉၅ ဘီလီယံကျော် တန်ဖိုးရှိသော မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ခေတ်မီရှာဖွေရေးကိရိယာများ တပ်ဆင်အသုံးပြုခြင်း**

မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် မြန်မာနိုင်ငံအတွင်းသို့ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှု၊ တရားဝင်တင်သွင်းသော ဓာတုပစ္စည်းများ လမ်းလွဲရောက်ရှိမှု၊ ဓာတုဗေဒကျွမ်းကျင်သူများ တရားမဝင်ဝင်ရောက်မှုများနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ

> **❛ ရန်ကုန် - မြဝတီလမ်းမှတစ်ဆင့် မူးယစ်ဆေးဝါးများကို ပင်လယ်ရေကြောင်းအသုံးပြု ပြည်ပသို့ သယ်ဆောင်ခြင်း၊ မြန်မာ-ထိုင်းနယ်စပ်မှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ခြင်းတို့ကို တားဆီးနိုင်ရန် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် X-Ray Station၊ ညောင်ခါးရှည်ကို မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး ပြောင်းလဲလာသော မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းများတွင် Mobile X-Ray ရှာဖွေရေးယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်သွားမည် ❜**

ဝယ်လိုအားမြင့်တက်မှု၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး အရပ်ရပ် ရပ်ဆိုင်းမှုများကြောင့် ကျဆင်းသွားသော စီးပွားရေးလုပ်ငန်းများအစား မူးယစ်ဆေးဝါးများ နိုင်ငံဖြတ်ကျော်သယ်ဆောင်ရောင်းဝယ်သည့် ဂိုဏ်းအဖွဲ့များ၏ချိတ်ဆက်မှု မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

ထိုသို့သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်သူများ၏ ပြောင်းလဲတိုးတက်လာသော နည်းလမ်းနှင့် အမူအကျင့်များကို လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ ရန်ပုံငွေဖြင့် X-Ray Station များ Mobile X-Ray ယာဉ်များ ဝယ်ယူတပ်ဆင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းမှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကိုရှာဖွေရန် ခေတ်မီရှာဖွေရေးကိရိယာ X-Ray Station ကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာတွင် ၃၁-၇-၂၀၁၉ ရက်မှစ၍ လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို တားဆီးစစ်ဆေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာတွင် ၃-၂-၂၀၂၂ ရက်နေ့မှ စတင်၍လည်းကောင်း တပ်ဆင်၍ ရှာဖွေစစ်ဆေးလျက်ရှိပါသည်။

ရန်ကုန် - မြဝတီလမ်းမှတစ်ဆင့် မူးယစ်ဆေးဝါးများကို ပင်လယ်ရေကြောင်းအသုံးပြု ပြည်ပသို့ သယ်ဆောင်ခြင်း၊ မြန်မာ-ထိုင်းနယ်စပ်မှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ခြင်းတို့ကို တားဆီးနိုင်ရန် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် X-Ray Station၊ ညောင်ခါးရှည်ကို မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး ပြောင်းလဲလာသော မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းများတွင် Mobile X-Ray ရှာဖွေရေးယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ရှာဖွေစစ်ဆေးရေးစခန်းများအား ရှောင်ကွင်း၍ မူးယစ်ဆေးဝါးသယ်ဆောင်ခြင်းကို ရှာဖွေဖမ်းဆီးနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်ငွေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် ဝယ်ယူထားသည့် Mini Z Portable X-Ray Scanner လက်ကိုင် X-Ray စက်များ၊ ဓာတုပစ္စည်းများကို လွယ်ကူစွာ အမျိုးအစား ခွဲခြားစစ်ဆေးနိုင်သည့် ကိရိယာ (Rigaku Chemical Scanner)၊ မူးယစ်ဆေးဝါးအမျိုးအစား စမ်းသပ်သည့်ကိရိယာ (Drug Test Kits) များ အသုံးပြု၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ဓာတုပစ္စည်းထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက် ရှိပါသည်။

**ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီး**

၂၀၂၁ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် နိုင်ငံအတွင်း တစ်နှစ်တာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ကုန်တင်ယာဉ်ရပ်နားကွင်း၌ ငွေကျပ် ၃၂၀ ဒသမ ၁၆၂၃ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါး ၂၂ မျိုးနှင့် ဓာတုပစ္စည်း သုံးမျိုး၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ရွှေမန်းတောင်အားကစားကွင်း၌ ငွေကျပ် ၁၈၆ ဒသမ ၀၃၇၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၆ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါး ၂၆ မျိုး၊ ဓာတုပစ္စည်း ၁၀ မျိုး၊ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ငွေကျပ် ၅၆၂ ဒသမ ၄၆၀၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၅၁ ဒသမ ၅၃၇၈ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါး ၁၃ မျိုးနှင့် ဓာတုပစ္စည်း ၂၂ မျိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုနေ့တွင် ဘိန်း ၃ ဒသမ ၈ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၅ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ် ၁၄ တန်ကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ဘိန်းစာမှုန့် နှစ်တန်ကျော်၊ ကက်တမင်း ၂၈၉ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း စုစုပေါင်း ၆၂ မျိုး၊ ငွေကျပ် ၁၀၆၈ ဒသမ ၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၆၇ ဒသမ ၉၁၂၉ သန်းကျော်)ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

**ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ဆောင်ရွက်ခြင်း**

၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၄) ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေကို အခန်း (၁၄) ခန်းဖြင့် ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။ တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့်အနေအထားသို့ မရောက်စေရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအပြင် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်လမ်းကြောင်းများမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် လျှောက်ထားသော ဓာတုပစ္စည်းများအား လမ်းလွှဲမရောက်ရှိစေရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့တို့က ထိန်းသိမ်းကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၃၁၄/၂၀၂၁) ဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗဟိုအဖွဲ့၏ ကွပ်ကဲမှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) ကို ထုတ်ပြန်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့သည်။

ဗဟိုအဖွဲ့မှဖွဲ့စည်းပေးသော လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့တွင် ပါဝင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ၏ ကိုယ်စားလှယ် ၁၂ ဦးက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိအသုံးပြုခြင်း၊ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့ကို တရားမဝင်လမ်းကြောင်းသို့ လမ်းလွှဲရောက်ရှိခြင်းမဖြစ်စေရန် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေအရ ၂၀၀၉ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့များကိုဖွဲ့စည်းပြီး ထိန်းချုပ်ဓာတုပစ္စည်းများ နောက်ဆုံးထုတ်ကုန် (End Product) အထိ အမှန်တကယ် ရောက်ရှိစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## မိုးနဲမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်း ဆောင်ရွက်

**မိုးနဲ ဇွန် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အဖြစ် ယမန်နေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား အသိပညာ ပေးဟောပြောခြင်းကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မိုးနဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲအုပ် အိအိမွန်က ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း ဆိုင်ရာများကို မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်က အမျိုး သမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေး ဆိုင်ရာများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန မိုးနဲမြို့နယ် အားကစားမှူး ဒေါ်နန်းသန်းသန်းစိုး က လူငယ်ရေးရာဆိုင်ရာ သိကောင်းစရာများ၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ ဆိုးကျိုးများကို လည်းကောင်း၊ မြို့နယ် စာကြည့်တိုက်တာဝန်ခံ ဒေါ်နန်းမွမ်းဆိုင်က စာပေဖတ်ရှု လေ့လာခြင်းဖြင့် ရရှိလာမည့် အကျိုး ကျေးဇူးများကို လည်းကောင်း ရှင်းလင်း ဟောပြောခဲ့ကြသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ချိတ်ဆွဲပြသထားသော မူးယစ် ဆေးဝါးအန္တရာယ်နှင့် လူကုန် ကူးမှုဆိုင်ရာ သိမှတ်ဖွယ်ရာ စသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံ မှတ်တမ်းများကို တက်ရောက်လာကြသော မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင် စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝိုးထောင်း (မိုးနဲ)**



## ထားဝယ်မြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ထားဝယ် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ် မြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာ ရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးကို အကျိုးပြုစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ငွေလုံးငွေရင်း ရန်ပုံငွေ)ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ကြ သော တလိုင်းတောင်ကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း၊ အလယ်ကုန်းကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ၅၀ရာခိုင်နှုန်း၊ ရွှေဂူတောင်ကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ၅၀ရာခိုင်နှုန်းနှင့် ကူးတို့ကျေးရွာ ဂါလန် ၅၀၀၀ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီး နိုင်ရေး သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

၂၂၂

## ဇလွန်မြို့နယ်၌ မိုးရာသီရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲအခမ်းအနား ကျင်းပ

**ဇလွန် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မိုးရာသီကာလ မြစ်ရေကြီးမှုများ ဖြစ်ပေါ် လာပါက တာတမံများထိန်းသိမ်းစောင့်ရှောက် ရန်နှင့် တာတမံပျက်စီးနိုင်သောအချက်များ ကို ဒေသခံပြည်သူများ သိရှိလိုက်နာစေရန် အတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေး သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီ-ဟင်္သာတတာ တာမိုင် ၂၅/၂ ဆန်တန်း ရေကင်းစခန်း အမှတ် (၃)တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဦးဆယ်မောင်က မိုးရာသီ မြစ်ရေကြီး ချိန်တွင် သတိပြုရမည့်တာထိပ်ပေါ်ကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)၊ တာအိ၊ သဲဗွက်ထ၊ တာကျွံခြင်းများ ဖြစ်ပေါ်လာပါက ကာကွယ်ရန် နည်းလမ်းများဖြစ်သော မြေသား သို့မဟုတ် သဲအိတ်ကန်သင်းဆင့်ခြင်း၊ မြေကတုတ် (ရေခွေ)တို့ဖြင့် အရေးပေါ်ကာကွယ် စောင့်ရှောက်ရမည့် နည်းလမ်းများကို တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို သိရှိနားလည်စေရန် လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုးရာသီရေဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင် များ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေယံ (ဇလွန်)**



လယ်ဝေးမြို့နယ်၌ ယနေ့နံနက်ပိုင်းတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)နေပြည်တော်အသင်းခွဲက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကျင်းပစဉ်။

ကြေးမုံ

## အလုံမြို့နယ်၌ လျှပ်စစ်အန္တရာယ်အကြောင်း ဆွေးနွေး

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အလုံ မြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် စာဖတ်ဝိုင်းပြုလုပ်ရာ “လျှပ်စစ် အန္တရာယ်” အကြောင်း ဆွေးနွေး ကြသည်။



ဆွေးနွေးပွဲသို့ တက်ရောက် လာသူများအား “လျှပ်စစ် အန္တရာယ် သတိပေးလက်ကမ်း စာစောင်များ ဝေငှပြီးနောက် ရန်ကုန်တိုင်းသတင်းစာ ဆရာ အသင်း အလုပ်အမှုဆောင် ဦးမောင်မောင် (မောင်မောင်-လျှပ်စစ်)နှင့် အလုံမြို့နယ် မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးအောင်မြင့်နိုင်တို့က ရာသီ အလိုက် ဖြစ်ပေါ်ခဲ့သော လျှပ်စစ် အန္တရာယ်များ၊ အထူးသဖြင့် မိုးရာသီ၌ ဖြစ်ပွားတတ်သော ဓာတ်လိုက်မှု အန္တရာယ်များ၊ သိသင့်သိထိုက်သည့် လျှပ်စစ် ဗဟုသုတများကို ရှင်းလင်း ပြောကြားကြသည်။

ဆွေးနွေးပွဲသို့ အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချိုနှင့် ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများ စုစု ပေါင်း ၃၀ ခန့် တက်ရောက် ကြသည်။ **မောင်မောင်ကျော်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်း အားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည် ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေး အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက် နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်

**ရန်ကုန် ဇွန် ၂၄**

မြို့နယ်လူမှုဖူလုံရေးရုံး ရုံးခွဲ(၅) မင်္ဂလာဒုံမြို့နယ်၌ အကျိုးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမား လုပ်ငန်းခွင်ပြင်ပတွင် တာဝန် ထမ်းဆောင်နေစဉ် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာ များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မြို့နယ်လူမှုဖူလုံရေးရုံး ရုံးခွဲ(၅) မင်္ဂလာဒုံ မြို့နယ်တွင် အကျိုးဝင်မှတ်ပုံတင်ထားသော GF Engineering & Construction Co.,Ltd. မှ အာမခံအလုပ်သမား ဦးဆန်းကျော် ခေတ္တ တာဝန်ကျရာ ဖယ်ခုံမြို့နယ် အထက်ကယန်းကျေးရွာအုပ်စု ဆီဘူးမှ လုပ်ငန်းခွင်ရှိရာ မင်္ဂလာဒုံမြို့နယ်သို့အပြန် ၎င်းစီးနင်းလာသောကား မိုင်တိုင်(၇၉/၃-၇၉/၄)အရောက်တွင် ဘရိတ်ပေါက်ပြီး တောင်နံရံ ဝင်တိုက်ကာ ပေ ၂၀၀ နက်သောချောက်ထဲပြုတ်ကျပြီး သေဆုံးမှု အတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေကျပ် ၁၅၀၀၀၀၀၀ နှင့် နာရေးစရိတ် ငွေကျပ် ၁၃၁၇၀၀၀ အပါအဝင် စုစုပေါင်းငွေကျပ် ၁၆၃၁၇၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ခင်စိုးကြည်အား အလုပ်ဌာနမှ တာဝန် ရှိသူနှင့် WCC အလုပ်သမားအဖွဲ့အစည်းရှေ့မှောက်တွင် ပေးအပ်ခဲ့ သည်။

သတင်းစဉ်





## ညောင်လေးပင်မြို့နယ်၌ ဆင်းသုခမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ညောင်လေးပင် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ် လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ညောင်လေးပင်မြို့နယ် စိုက်၊ မွေး၊ တိုးအဖွဲ့၏ မြို့နယ်အတွင်း စိုက်ပျိုးဆောင်ရွက်ထားသည့် ဆင်းသုခ မျိုးသန့်မျိုးပွားစေ့မှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပဲခူးခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ် က ကြည့်ရှုစစ်ဆေးရာ ညောင်လေးပင်မြို့နယ် စိုက်၊ မွေး၊ တိုးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသပြီး ဆင်းသုခစပါးစိုက်ပျိုးဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ လိုအပ် ချက်များကို လမ်းညွှန်မှာကြားပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## ငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း အခြေခံနည်းပညာသင်တန်းဖွင့်

**တောင်ငူ ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီး ဌာနမှ ငါးမွေးတောင်သူများ အတွက် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသား ဖောက်ခြင်း နည်းပညာပေး သင်တန်းကို စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ငါးသယံဇာတဖွံ့ဖြိုးတိုးတက် ရေးနှင့် ရေရှည်တည်တံ့စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ငါးမွေး တောင်သူများအနေဖြင့် ငါးမွေးမြူ ရေးလုပ်ငန်းများ နည်းစနစ်မှန်စွာ မွေးမြူတတ်စေရန် ရည်ရွယ် လျက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန နှင့် ကေတုမတီကုန်ထုတ်သမ အသင်းတို့ပူးပေါင်းပြီး ဖွင့်လှစ် ခြင်းဖြစ်ကြောင်း သိရသည်။

ယခုသင်တန်းကို ကန်ရိုး ကျေးရွာရှိကန် ၁၀၀ ငါးမွေးမြူရေး စခန်းတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတက်ရောက်ကြသည့် ငါးမွေးတောင်သူများနှင့် တောင်ငူ တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက၊ သရုပ်ပြဆရာ ဆရာများ နှင့် ကျောင်းသား ကျောင်းသူ ၃၀ ကို စနစ်တကျ ငါးမွေးမြူနည်း အဆင့်ဆင့်နှင့် လက်တွေ့ ငါးဆေးထိုးသားဖောက်နည်းများ ကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

ကိုလွင်(ဆွာ)





## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၀ | ၂၂၃၅ | ၂၂၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၂၇၇၅ |
| 95 Ron | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၀ | ၂၃၄၅ | ၂၃၃၀ | ၂၃၀၅ | ၂၄၀၀ | ၂၄၁၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၈၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၃၀ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၃၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၁ | ၂၁၅၆ |
| 95 Ron | ၂၁၆၉ | ၂၂၄၆ |
| HSD (500 ppm) | ၂၅၁၁ | ၂၅၉၁ |
| HSD (50 ppm) | ၂၅၃၉ | ၂၆၁၉ |
| HSD (10 ppm) | ၂၅၃၉ | ၂၆၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုး

ညောင်လေးပင် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့မွန်းလွဲပိုင်းက ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာရှိ တောင်သူ ဦးသန့်ဇော်(ခ)ဦးသန်းဇော်ဦး၏ ရွာမြေ၌ ပြုလုပ်သည်။

အဆိုပါ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်မှာ လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူသည့်စနစ်သို့ ကူးပြောင်းပြီး တိရစ္ဆာန်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုပြီး အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသော အစားအစာအဖြစ် ကျွေးမွေးရန်၊ အစာဖိုးကုန်ကျစရိတ်မြင့်တက်နေချိန်တွင် ဖြည့်စွက်အစာစိမ်းအနေဖြင့် ဒေသထွက်အစာနု(ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်)တို့နှင့် ရောစပ်ကျွေးမွေးခြင်းဖြင့် အာဟာရဓာတ်ပမာဏများ ပြည့်ဝစွာရရှိခြင်းဖြင့် မွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှုကောင်းစွာရရှိခြင်းနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမျိုးမင်းအောင်ထံမှ သိရသည်။

၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကြီးကြပ်မှုကော်မတီမှ ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



○ မြန်မာ့လက်ရွေးစင်မှ

ယင်းအသင်းကို ဒေါ်သက်သက်ဝင်းက ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် စီနီယာကစားသမားများအပြင် လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ဇွန် ၇ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ထိုင်းကလပ်တွင် သွားရောက်ကစားခဲ့သည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းမှာလည်း အသင်းနှင့်ပြန်လည်ပူးပေါင်းနေပြီဖြစ်သည်။

### ဝင်ရောက်ယှဉ်ပြိုင်မည်

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ တီမော၊ လာအိုအသင်းတို့ ပါဝင်နေသည်။

ကိုညီလေး

✪ ကျောဖုံးမှ

ရှိလာပါပြီ။ မြန်မာပြည် တစ်ပြည်လုံးက ခြင်းဝါသနာရှင်တွေ ပါဝင်ခတ်ကစား ပူဇော်သွားကြမှာပါ။ နယ်အသင်းအဖွဲ့နဲ့ မြို့တော်အသင်းအဖွဲ့ အုပ်စုနှစ်စုခွဲပြီး မဲပေါက်တဲ့အသင်းတွေက ခတ်ကစားပူဇော်ခွင့်ရမှာပါ။ အစဉ်အလာအရ ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ နှစ်လတိတိ ကျင်းပခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်နှစ် ရပ်နားထားခဲ့ရပါတယ်။ ဒီနှစ်မှာ ပြန်လည်ခတ်ကစားတဲ့အခါ အများပြည်သူ ဝါသနာရှင်တွေပါဝင်နိုင်ဖို့ နှစ်လအစား ၁၆ ရက်ပဲ ကျင်းပရတဲ့အတွက် မဲစနစ်နဲ့ စီစဉ်ဆောင်ရွက်ပြီး မဲပေါက်သူတွေသာ ခတ်ကစားပူဇော်ခွင့်ပြုဖို့ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်နဲ့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အင်း၀ မြေဝိုင်းသဘင်ကိုလည်း ထည့်သွင်းသွားမှာပါ။ ဝါဆိုခြင်းလုံး အလှုခတ်ပွဲတော်ကြီးဟာ ကမ္ဘာ့နိုင်ငံတွေအထိ ထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ စေတနာရှင် ကုသိုလ်ရှင်တွေအနေနဲ့ ပွဲတော်မှာ ထည့်ဝင်လှူဒါန်းနိုင်ဖို့လည်း ဖိတ်ခေါ်ပါတယ်” ဟု မဟာမုနိဘုရားကြီး ဝါဆိုခြင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။

### ၁၆ ရက်တိုင်တိုင်

ဝါဆိုခြင်းလုံး အလှုခတ်ပွဲတော်ကို ဇူလိုင် ၁၃ ရက်အထိ ၁၆ ရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တစ်ရက်လျှင် ခြင်းအသင်း ၂၀ ခတ်ကစားပြသွားမည်ဖြစ်ကြောင်း၊ အင်း၀ မြန်မာအကသင်တန်းကျောင်းမှ မြေဝိုင်းအကဖြင့်လည်း စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၁၁ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီတွင်တစ်ကြိမ် ထည့်သွင်းကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ကုသိုလ်ယူလှူဒါန်းလိုပါက ဖုန်း-၀၉-၄၄၄၀၄၄၄၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပုံမှန်ကာလအခြေအနေတွင် ဝါဆိုခြင်းလုံး အလှုခတ်ပွဲတော်၌ ခြင်းအသင်းပေါင်း ၁၀၀၀ ကျော်ဖြင့် ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ နှစ်လတိတိ ရက်ပေါင်း ၆၀ နှစ်စဉ် ကျင်းပခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများမှ ခြင်းလုံးဝါသနာရှင်များလည်း နှစ်စဉ် လာရောက်ခတ်ကစားခြင်းများရှိကာ ခြင်းခတ်ပညာရှင်များကလည်း ပြည်ပသို့ သွားရောက်၍ နိုင်ငံခြားသားများအား ခြင်းခတ်ပညာ သင်ကြားပေးခဲ့ခြင်းများရှိကြောင်း သိရသည်။

မောင်အေးချမ်း

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# သတင်း စားသုံးကြသူများ

**• • • • • • • မောင်မောင်ဟိန်း(အင်းတိုင်) • • • • • • •**

**လူသားတိုင်း နေ့စဉ်သတင်းစားသုံးကြသည်။ သတင်းတစ်ပုဒ်သည် အကြောင်းအကျိုး၊ အကောင်းအဆိုးများစွာ ပါဝင်နေတတ်သည်။ သတင်းအာဟာရ အကျိုးကျေးဇူးရရှိမှုသည် စားသုံးသူ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိမှု၊ စိတ်ခံစားမှုတို့အပေါ်မူတည်၍ ရရှိခံစားကြရမည်သာဖြစ်သည်။**

သတင်းဆိုသည်မှာ ကြားသိအပ်သော အဖြစ်အပျက်၊ အကြောင်းအရာများကို ဆိုလိုသည်။ မည်သည့် အကြောင်းအရာ၊ အဖြစ်အပျက်မဆို သတင်းတင်ဆက်သူ၏ တစ်နည်းအားဖြင့် သတင်းဖြန့်ဝေသူ၏ အာဘော်လိုလားချက်များရောပြွမ်းနေတတ်သည်ကို သတိပြုအပ်သည်။ သတင်းတစ်ပုဒ်ကို တင်ဆင်သူများက ဘက်ပေါင်းစုံမှ လိုရာပုံဖော်တတ်ကြသည်။

**သတင်းစစ်ပွဲများ**

ယနေ့ခေတ်သစ်စစ်ပွဲများတွင် အချိန်နှင့်အမျှ ဆင်နွှဲနေကြသည့် သတင်းစစ်ပွဲများကို စနစ်တကျ ပုံဖော်နေကြသည်။ အားကောင်းသော မီဒီယာကြီးများက ဦးတည်အုပ်စုများကို သတင်းစစ်ပွဲဖြင့် နေ့စဉ်တိုက်ခိုက်နေကြသည်။ သတင်းလက်ဦးမှုရယူခြင်း၊ ဝါဒဖြန့်သတင်းများ ဖြန့်ဝေခြင်း၊ သပ်လျှိုသွေးခွဲခြင်း၊ အမှန်နှင့်အမှားရောပြွမ်း၍ လိုရာပုံဖော်ခြင်း၊ အမှားကြာအမှန်ဖြစ်အောင် မှိုင်းတိုက်ခြင်း၊ ကောင်းသောလုပ်ဆောင်ချက်များကို မေးမှိန်အောင်ပြု၍ မကောင်းသည့်လုပ်ရပ်များကို ပုံကြီးချဲ့ထိုးနှက်ခြင်း စသည်တို့ကို ပံ့ပိုးထောက်ပံ့သူများ၏ အလိုကျ မီဒီယာကြီးများက ပုံဖော်၍ သတင်းတင်ဆက်နေကြသည်။

မီဒီယာပလက်ဖောင်းမှာ အများနှင့်တန်းတူ မလျှောက်နိုင်သော အဖွဲ့အစည်းများ၊ တည်ဆဲအစိုးရများသည် ယင်းတို့ကို မလိုလားသူများ၏ မီဒီယာအားကို မလွန်ဆန်နိုင်ဘဲ နောက်ကောက်ကျနေမည်သာဖြစ်သည်။ သတင်းမှန်ထုတ်ပြန်ရေး စိစစ်နေချိန်တွင် အမှားသတင်းက ကမ္ဘာကြီးကို တစ်ပတ်ပတ်ပြီးတာနှင့် ကြုံတွေ့နေရမည်မှာ သေချာပါသည်။ နောက်ကလိုက်ပြီး ပန်းဝင်တာ အတူတူဖြစ်ချင်၍ မရနိုင်သည်ကို လက်ခံကြရမည်။ သို့သော်လည်း သတင်းအမှန်ကိုသာ စားသုံးလိုကြသူများ၏အားကို မဖြစ်မနေယူရန် လိုအပ်၍ နည်းမျိုးစုံဖြင့် စွမ်းဆောင်ကြရမည်ဖြစ်သည်။

သတင်းစားသုံးသူများတွင် ပူးကပ်နေသော ပယောဂများကို ကုစားရန်လိုအပ်ပါသည်။ အတန်းပညာတတ်မြောက်တိုင်း အမှန်၊ အမှားခွဲခြားနိုင်မည် မဟုတ်ပါ။ အတန်းပညာမြင့်မားသူတိုင်း ဉာဏ်ပညာမြင့်မားကြသည်လည်းမဟုတ်ပါ။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိခြင်းသည် ဉာဏ်ပညာမြင့်မားခြင်းပင်ဖြစ်သည်။ အစွဲအလမ်းကင်းကင်းဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော လူ့ပတ်ဝန်းကျင်တစ်ရပ်ပေါ်ထွန်းလာလေ သတင်းအဆိပ်သင့်မှုကင်းဝေးလေဖြစ်မည်ဟု ဆိုချင်ပါသည်။

ဒီမိုကရေစီခေါင်းစဉ်အောက်တွင် ငါနှင့်မတူ ငါ့ရန်သူဆိုသည့် လူတန်းစားတစ်ရပ် ပေါ်ပေါက်လာခြင်းသည် ဒီမိုကရေစီစနစ်နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဒီမိုကရေစီရလျှင် လွတ်လပ်ခွင့်ရမည်၊ အလုံးစုံတိုးတက်မည်၊ လူမှုဘဝမြင့်မားမည်၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ အလိုအလျောက်ရရှိမည်ဆိုသည့် မစားရဝခမန်း မက်လုံးများပုံအောပြီး မီဒီယာအားဖြင့် ပြည်သူများကို ယုံကြည်စိတ်ဝင်အောင် သတင်းအဆိပ်ခတ်ထားကြသည်။

**ရန်ပြုတိုက်ခိုက်သည်အထိ အခြေဆိုက်ခဲ့ကြ**

အဆိပ်မိနေသော ပြည်သူများကို ထပ်မံ၍ ဒီမိုကရေစီစနစ်ကို ပျက်သုဉ်းအောင်၊ ဖော်ဆောင်ခွင့်မရအောင် နည်းလမ်းမျိုးစုံဖြင့် အဟန့်အတားပြုနေသော အာဏာရှင်စနစ်ကို တွန်းလှန်ကြရမည်ဆိုပြီး ထပ်မံမှိုင်းတိုက်ထားကြသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်၏ အနှစ်သာရစစ်စစ်ဖြစ်သော အယူအဆ၊ အတွေးအခေါ်မတူညီသူများအားလုံး စုပေါင်းအဖြေရှာရမည့် သာတူညီမျှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို ဖော်ဆောင်နိုင်ခြင်းမရှိတော့ဘဲ ဘက်ပေါင်းစုံကွဲကာ ငါနှင့်မတူ ငါ့ရန်သူ အယူအဆများအားကြီးကာ ဒီမိုကရေစီဟု ကြွေးကြော်ကြသူများသည် ဘက်မတူသူ၊ ယုံကြည်ချက်၊ ခံယူချက်မတူသူများကို ရန်ပြုတိုက်ခိုက်သည်အထိ အခြေဆိုက်ခဲ့ကြသည်။

မိဘ၊ ဆရာသမား၊ ရဟန်းသံဃာများပါမကျန် ရန်ပြုရဲ၊ တိုက်ရဲ၊ သတ်ရဲသည်အထိ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ဖြစ်မှန်းမသိဖြစ်နေကြရသည်။

**“နေ့စဉ်သတင်းများ တင်ဆက်ထုတ်လွှင့်ဖြန့်ချိနေသော သတင်းဌာနအများစု၏ သတင်းများအားလုံးသည် သတင်းအမှန်များချည်းသာမဟုတ်ဘဲ လိုရာဆွဲပုံဖော်ခြင်း၊ အမှန်နှင့်အမှားရောထွေးပြီး ဝေဝါးစေခြင်း၊ နစ်နာစေလိုသည့်အုပ်စုကို ဦးတည်တိုက်ခိုက်ခြင်း၊ အမှန်တရားကိုမျက်ကွယ်ပြုကာ အကျိုးစီးပွားရှာဖွေခြင်း၊ သတင်းလက်ဦးမှုနှင့် သတင်းလွှမ်းမိုးမှုတည်ဆောက်ကာ တရားမျှတမှုမရှိသော သတင်းများဖြင့် တစ်ဖက်သတ်ဝါဒဖြန့်ချိခြင်း စသည်ဖြင့် အဆိပ်ခတ်ထားသော သတင်းများဖန်တီး၍ အတ္တအကျိုးစီးပွားဗဟိုပြုကာ တင်ဆက်လျက်ရှိကြသည်ကို အသိ၊ သတိရှိစွာဖြင့် အမှန်၊ အမှားခွဲခြားကာ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိမှသာ တစ်နည်းအားဖြင့် ဝမ်းစာပြည့်ဝမှသာ သတင်းအဆိပ်သင့်ခြင်းမှ ကာကွယ်နိုင်မည်”**

တိုင်းပြည်တစ်ခုတည်ထောင်ရာတွင် ပြည်သူအားဖြင့်သာ တည်ထောင်ကြရခြင်းဖြစ်သည်။ ပြည်သူအချင်းချင်း သွေးကွဲနေသရွေ့ ရန်ပြုနေသရွေ့ မည်သည့်တိုင်းပြည်မှ ထူထောင်နိုင်မည်မဟုတ်ပါ။ အလုံးစုံပျက်သုဉ်းမည်သာဖြစ်သည်။ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကောင်းပေးနေသည့် မီဒီယာအားက ကြီးမားနေသည်ကို ပြည်သူများ ကြီးစွာသတိထားဆင်ခြင်ကြရပေမည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်အရှိဆုံးမှာ ထိုနိုင်ငံရှိပြည်သူများပင်ဖြစ်သည်။ ပြည်သူများ၏ လုပ်ဆောင်ချက်များ ကောင်းခြင်း၊ ဆိုးခြင်း တို့သည် တိုင်းပြည်အပေါ် တိုက်ရိုက်သက်ရောက်နေမည်ဖြစ်သည်။

ယုံကြည်ချက်အပေါ်အခြေခံ၍ ခံယူချက်များ ကွဲပြားတတ်ကြသည်။ ခံယူချက်မတူလျှင် လုပ်ဆောင်ချက်များတူညီရန် မဖြစ်နိုင်တော့သဖြင့် စည်းလုံးညီညွတ်ရေး ပျက်ပြားစေမည်ဖြစ်သည်။ ယုံကြည်ချက်ဆိုသည်မှာ အသိ၊ အမြင်၊ အကြားလွှမ်းမိုးမှုအပေါ် မူတည်၍ ဖြစ်တည်လာတတ်သည်။ သိသမျှ၊ မြင်သမျှ၊ ကြားသမျှကို အမှန်နှင့်အမှား ခွဲခြားနိုင်စွမ်းရှိမှသာ တစ်ဖက်သတ် လွှမ်းမိုးခံရခြင်းဘေးဆိုးမှ ကင်းလွတ်နိုင်ကြမည်ဖြစ်သည်။

ယနေ့ခေတ်ဆိုရှယ်မီဒီယာ အားကောင်းမှုကို ထိရောက်စွာ အသုံးချ၍ နည်းပညာအား၊ ငွေအားပုံအောကာ လိုရာပုံဖော်ကြသော ပြည်ဖျက်မီဒီယာများ၏ ဝါဒမှိုင်းအောက်ရောက်နေကြရသူ များစွာရှိသည်။ နိုင်ငံကြီးများသည် သူတို့၏ အကျိုးစီးပွားကို ဦးတည်၍ ခေတ်သစ်ကျွန်ပြုရန် မီဒီယာလုပ်ငန်းအပါအဝင် ဘက်ပေါင်းစုံဖြင့် ဆောင်ရွက်နေကြသည်။ သူတို့၏ အလိုကျလိုက်လျောဆက်ဆံခြင်း မပြုသော နိုင်ငံငယ်များကို နည်းမျိုးစုံဖြင့် ဖိအားပေးခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို နောက်ကွယ်မှကူညီထောက်ပံ့ခြင်းတို့ကို ခေါင်းစဉ်မျိုးစုံပြကာ လိုသလိုပုံဖော်ကြသည်။

အကျိုးလို၍ ညောင်ရေလောင်းနေကြခြင်းဖြစ်သည်ကို ခွဲခြားသိမြင်နိုင်မှသာ တော်ကာကျမည်ဖြစ်သည်။ ခေတ်သစ်ကျွန်ပြုခြင်းတွင် သိသာထင်ရှားသော ဖြစ်စဉ်များအနက် အင်အားကြီးနိုင်ငံကြီးများသည် သူတို့လိုရာကြိုးဆွဲ၍ရသော အစိုးရတစ်ရပ်ကို နိုင်ငံငယ်များတွင် တင်မြှောက်ထားနိုင်ရန် ပုံဖော်ကြသည်။ သူတို့နှင့်သဟဇာတ မဖြစ်သော အစိုးရပြုတ်ကျရေးဆောင်ရွက်ကြသည်။

**ပညာရေးကို ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ဦးတည်ကြိုးပမ်း**

ကမ္ဘာ့နိုင်ငံများအားလုံးသည် ပညာရေးကို ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးအတွက် ဦးတည်ကြိုးပမ်းနေကြသည်။ Education for All ဆိုသည်နှင့်အညီ နိုင်ငံသားအားလုံး ပညာသင်ကြားခွင့်ရရှိရေး၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဆိုင်ရာအစိုးရများက အလေးထားဆောင်ရွက်နေကြသည်။

ပညာရေးကို အားမပေးခြင်း၊ ဟန့်ထားနှောင့်ယှက်ခြင်း၊ အေးချမ်းစွာပညာသင်ယူခွင့် မရရှိစေရန် အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ မတရားသဖြင့် တရားမဝင် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ လှုံ့ဆော်ခြင်း၊ ပညာရေးကိုလိုလားသော မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို စာနာမှုကင်းမဲ့စွာ အပြစ်တင်ခြင်း၊ အပြစ်ဖို့ခြင်းတို့ ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအားလုံးသည် ပညာသင်ကြားနေသော ကလေးငယ်များ၏ဘဝကိုစတေးကာ နိုင်ငံ၏ အနာဂတ်ကို ဖျက်ဆီးနေသော အင်မတန်အောက်တန်းကျသည့် စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်များကို မရိုးမဖြောင့်သောအကြံအစည်ဖြင့် လုပ်ဆောင်နေကြသူများသာ ဖြစ်သည်ကို ကြီးစွာသတိချပ်သင့်ပေသည်။

နိုင်ငံတကာရှိ အဆင့်မြင့်တက္ကသိုလ်ကြီးများအားလုံးက ယခုနှစ်အပါအဝင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအနက်မှ အကျိုးအကြောင်းသင့်၍ ယင်းတက္ကသိုလ်ကြီးများတွင် ဆက်လက်ပညာသင်ကြားလိုသူများကို သတ်မှတ်အရည်အချင်းကိုက်ညီလျှင် လက်ခံသင်ကြားပေးကြမည်သာဖြစ်သည်။ မည်သည့်နိုင်ငံကမျှ မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို လက်မခံကြောင်း ကြေညာချက်ထုတ်ပြန်ထားရှိမှု တစ်စုံတစ်ရာမရှိသည်ကို ထောက်ရှုခြင်းအားဖြင့် နိုင်ငံတကာကလည်း Education for All ကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိသာထင်ရှားလှပါသည်။

ပညာရေးကို အားပေးနေသည့် အစိုးရတစ်ရပ်ကို မလိုလားသူများက ယင်းအစိုးရ၏ကောင်းမွန်သော လုပ်ဆောင်ချက်များကို မျက်ကွယ်ပြုကာ ယင်းအစိုးရကာလ ပညာမသင်ကြားနိုင်ရေး အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေကြခြင်းသည် တိုင်းပြည်၏အနာဂတ်ကို ချိုးဖျက်နေကြသည့် လူ့အသိုင်းအဝိုင်းတွင် မရှိသင့်မရှိထိုက်သော စိတ်ဓာတ်အောက်တန်းကျသူများသာဖြစ်သည်။

**သတင်းအဆိပ်သင့်ခြင်းမှ ကာကွယ်နိုင်မည်**

နေ့စဉ်သတင်းများ တင်ဆက်ထုတ်လွှင့်ဖြန့်ချိနေသော သတင်းဌာနအများစု၏ သတင်းများအားလုံးသည် သတင်းအမှန်များချည်းသာ မဟုတ်ဘဲ လိုရာဆွဲပုံဖော်ခြင်း၊ အမှန်နှင့်အမှား ရောထွေးပြီး ဝေဝါးစေခြင်း၊ နစ်နာစေလိုသည့်အုပ်စုကို ဦးတည်တိုက်ခိုက်ခြင်း၊ အမှန်တရားကို မျက်ကွယ်ပြုကာ အကျိုးစီးပွားရှာဖွေခြင်း၊ သတင်းလက်ဦးမှုနှင့် သတင်းလွှမ်းမိုးမှု တည်ဆောက်ကာ တရားမျှတမှုမရှိသောသတင်းများဖြင့် တစ်ဖက်သတ်ဝါဒဖြန့်ချိခြင်း စသည်ဖြင့် အဆိပ်ခတ်ထားသော သတင်းများဖန်တီး၍အတ္တအကျိုးစီးပွား ဗဟိုပြုကာ တင်ဆက်လျက်ရှိကြသည်ကို အသိ၊ သတိရှိစွာဖြင့် အမှန်၊ အမှားခွဲခြားကာ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိမှသာ တစ်နည်းအားဖြင့် ဝမ်းစာပြည့်ဝမှသာ သတင်းအဆိပ်သင့်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

နေ့စဉ်ဘဝမှာ စားသုံးနေကြရသည့် သတင်းများကို အမှား၊ အမှန်၊ အဖြူအမည်း၊ မိတ်ဆွေ၊ ရန်သူ ခွဲခြားသုံးသပ်နိုင်မှသာ အဆိပ်သင့်သတင်းများဘေးမှကင်းဝေးကာ အမြင်မှား၊ အတွေးမှား၊ ခံယူချက်အမှားများ ကင်းစင်သည့် သန့်ရှင်းသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ဖြစ်ပေါ်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သတင်းစားသုံးသူများ သတင်းအဆိပ်သင့်ခြင်းအန္တရာယ်မှ ကင်းဝေးကြပါစေကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ် -၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ် -၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၂၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၄၁,၉၆၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ် -၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၃၈) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၂၄)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၀၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၇) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၉၅၅) ခု | (၂) ဦး |
| **စုစုပေါင်း** | **(၄,၃၈၄) ခု** | **(၆) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၅၆၆၉၆၁ | ၈၄၂၅၇၉၁၃ | ၁၀၄၀၂၃၆ |
| ၂။ | အိန္ဒိယ | ၄၃၃၆၅၀၁၆ | ၄၂၇၄၉၀၅၆ | ၅၂၄၉၅၄ |
| ၃။ | ဘရာဇီး | ၃၁၉၆၃၇၃၆ | ၃၀၅၅၄၆၈၄ | ၆၆၉၉၅၈ |
| ၄။ | ပြင်သစ် | ၃၀၄၃၄၄၅၁ | ၂၉၄၄၆၆၂၄ | ၁၄၉၂၆၈ |
| ၅။ | ဂျာမနီ | ၂၇၅၇၃၅၈၅ | ၂၆၃၈၅၆၀၀ | ၁၄၀၅၆၀ |
| ၆။ | ဗြိတိန် | ၂၂၅၇၆၃၅၄ | ၂၂၀၀၃၄၄၉ | ၁၇၉၈၅၉ |
| ၇။ | ရုရှား | ၁၈၄၁၂၈၀၅ | ၁၇၈၃၉၃၄၆ | ၃၈၀၇၇၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၃၁၂၉၉၃ | ၁၈၁၄၄၂၂၀ | ၂၄၄၉၈ |
| ၉။ | အီတလီ | ၁၈၀၇၁၆၃၄ | ၁၇၂၅၁၀၉၅ | ၁၆၇၉၆၇ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၀၅၉၅ | ၉၆၂၇၉၂၄ | ၄၃၀၈၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၇၆၈၉၄ | ၅၉၀၆၉၆၉ | ၁၅၆၇၁၁ |
| ၃။ | မလေးရှား | ၄၅၄၉၈၄၇ | ၄၄၈၆၇၈၇ | ၃၅၇၄၂ |
| ၄။ | ထိုင်း | ၄၅၀၉၅၄၁ | ၄၄၅၆၅၂၄ | ၃၀၅၆၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၉၂၅၁ | ၃၆၃၂၆၇၆ | ၆၀၅၀၇ |
| ၆။ | စင်ကာပူ | ၁၃၉၀၅၅၈ | ၁၂၉၈၉၀၄ | ၁၄၀၈ |
| ၇။ | မြန်မာ | ၆၁၃၅၃၈ | ၅၉၂၅၂၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၃၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၈၅၂၄ | ၁၅၃၈၈၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ပုသိမ်မြို့နယ်၌ ယူရီးယားမြေသြဇာ ဖြန့်ဖြူးရောင်းချ

ပုသိမ် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုသိမ်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးလျက်ရှိသော တောင်သူများထံ အရည်အသွေးပြည့်မီသော ဓာတ်မြေသြဇာများကို အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနေမှုကို ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်နှင့် ဝန်ထမ်းများက ဇွန် ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ယူရီးယားမြေသြဇာအိတ်ရေ ၁၄,၂၅၀ ဖြန့်ဖြူးရောင်းချနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ အရည်အသွေးပြည့်မီသော ဓာတ်မြေသြဇာများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြင့် တောင်သူများ စပါးအထွက်နှုန်း ပိုမိုတိုးတက်လာပြီး ဝင်ငွေများ တိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။

ဂျဂျ

■



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့။**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၆၈ ဦးအထိ ရှိလာ

ဒါကာ ဇွန် ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၆၈ ဦး ရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသေဆုံးသူ အရေအတွက်သည် မေ ၁၇ ရက်မှ ဇွန် ၂၃ ရက်အထိ စာရင်းကောက်ယူထားခြင်းဖြစ်ပြီး အများစုမှာ ရေနစ်သေဆုံးသူများဖြစ်၍ အချို့မှာ မြွေကိုက်ခံရခြင်းနှင့် မိုးကြိုးပစ်ခံရခြင်းတို့ကြောင့် သေဆုံးရခြင်းဖြစ်သည်။

ယခုအချိန်အထိ ရေကြီးရေလျှံမှုများသည် နိုင်ငံတစ်ဝန်းရှိ နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိပြီး ကောက်ပဲသီးနှံများ၊ လမ်းမကြီးများအပါအဝင် အဝေးပြေးလမ်းမများ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နေရာအနှံ့အပြား အထူးသဖြင့် မိုင်မန်ဆင်းမြောက်ပိုင်းနှင့် ဆာဟတ် အရှေ့မြောက်ပိုင်းဒေသများသည် ရေအောက်တွင် နစ်မြုပ်လျက်ရှိကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။

အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကအေဂျင်စီများက ၁၂၂ နှစ်အတွင်း အဆိုးရွားဆုံး ရေကြီးမှုဒဏ်ကို ကြုံတွေ့နေရသည့် ဆာဟတ်ဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးဝန်ကြီး အီနာမာရာမန်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၉၆ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇွန် ၂၄

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၉၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၄၉၈၄၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် ၂၀၉ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၅၈၇ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း တစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၇၄၂ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၂၅၀၃ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့် အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၈၆၇၈၇ ဦးရှိကြောင်း သိရသည်။



**၃၈ ဦးသည် ရောဂါပြင်းထန်**

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၃၁၈ ဦးရှိရာ ၎င်းတို့အနက် ၃၈ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၁ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်နှင့် ၈၃ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝ ထိုးနှံမှုခံယူပြီးဖြစ်၍ ၄၉ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ရောဂါကူးစက်ခံရသူ ၁၇၀၀၀ ထပ်မံတွေ့ရှိ

နယူးဒေလီ ဇွန် ၂၄

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၀၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၄၃၃၆၂၂၉၄ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၃ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၉၅၄ ဦးအထိ ရှိလာပြီဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အကြာက သေဆုံးသူ လေးဦးသာရှိခဲ့ရာမှ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း သေဆုံးသူအရေအတွက် သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၄ ဒသမ ၃၂ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၃ ဒသမ ၀၇ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၈၈၂၈၄ ဦးရှိသည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၀၂၉ ဦး ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၇၄၉၀၅၆ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်



# အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အဝေးပြေးလမ်းမကြီးအား အဆင့်မြှင့်တင်မည်

ဂျေရုဆလင် ဇွန် ၂၄

အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အရှည်လျားဆုံးအဝေးပြေးလမ်းမကြီးကို မတော်တဆမှုများမှ ကာကွယ်ရန်အတွက် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း အစ္စရေးပို့ဆောင်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လမ်းမကြီးအား အဆင့်မြှင့်တင်ရန်အတွက် အစ္စရေးရှာကယ်ငွေ သန်း ၄၁၀ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လမ်းမကြီးသည် လက်ဘနွန်နယ်စပ်အနီး မီတူလာမြို့မှ အီဂျစ်နယ်စပ်အနီးရှိ တာဘာနယ်စပ်ဖြတ်ကျော်ရေးမျဉ်းအထိ ရှည်လျားသည်။ ယခုအဆင့်မြှင့်တင်မည့် အဝေးပြေးလမ်းမ၏ အစိတ်အပိုင်းမှာ ပင်လယ်သေတောင်ပိုင်းမှ ကီတူရာမြို့အထိ ၁၂၃ ကီလိုမီတာ ရှည်လျားသည့် အပိုင်းဖြစ်သည်။ ယင်းအဝေးပြေးလမ်းမကြီး၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သဖြင့် လူသေဆုံးမှုများ ရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ဂျပန်နိုင်ငံ၌ အသက် ၃၀ နှင့် အထက်ရှိသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်း ဒုတိယအကြိမ်ထိုးနှံပေးမည်

အေသင် ဇွန် ၂၄

ဂရိနိုင်ငံ၌ လာမည့်သီတင်းပတ်မှစတင်၍ အသက် ၃၀ နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်း ဒုတိယအကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်နိုင်ငံအတွင်းရှိ အသက် ၆၀ နှင့်အထက်ရှိသူများကိုလည်း ကာကွယ်ဆေး ဒုတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူရန် ကျန်းမာရေးတာဝန်ရှိသူများက ညွှန်ကြားခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ညွှန်ကြားရခြင်းမှာ ယခုလတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ နိုင်ငံအတွင်းပြီးခဲ့သည့် တစ်ရက်အတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၇၄ ဦး ထပ်မံတွေ့ရှိရသည်။

နိုင်ငံ၏ကျန်းမာရေးစနစ်တွင် လုပ်ငန်းများစနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး သာနိုပါးက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၂၇ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇွန် ၂၄

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၂၇ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈၃၁၂၉၉၃ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

**တစ်သောင်းအောက် လျော့နည်း**

ပြီးခဲ့သည့် ၁၅ ရက်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သောင်းအောက် လျော့နည်းခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအေဂျင်စီကပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၆၂ ဦးရှိသည်။



နိုင်ငံအတွင်းပြည်ပမှ ရောက်ရှိလာသူ ၃၄၃၂၅ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၄၉၈ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# မုံရွာမြို့နှင့် မြိတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၄

မုံရွာမြို့နှင့် မြိတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် မုံရွာမြို့ ထန်းတောရပ်ကွက် အင်းဖြတ်လမ်းတွင် မဒွဲဒွဲ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ၎င်းနေထိုင်သည့် မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ အမှတ်(၅/၅၅)နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၈၅၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့က ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်အပ်နှံထားသူ မဆုစန္ဒာထွန်းကို မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း။



မဒွဲဒွဲနှင့် မဆုစန္ဒာထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁) ဗောတံတားတွင် မင်းငယ်(ခ)လူလု(ခ)ဂဏာန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ဆရာအင်ဟိုခြံလမ်း အမှတ်(၂၀)နေ ဝင်းမျိုးထိုက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးဓာတုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် ရခိုင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ် ပြည်-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ်(၉၀/၂)အနီး၌ တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၄၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၂၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်္ဂပူမြို့နယ်အတွင်း တရားမဝင် ကျွန်းတိုင် သုည ဒသမ ၃၄၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ကုန်တင်ယာဉ်နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇွန် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်နှင့် အခြားသစ်မျိုးစုံ ၁၉ ဒသမ ၃၂၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၉၃၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၃၉၃၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။









ထို့ပြင် ဇွန် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြို့ ကုန်သေတ္တာစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုမ္ပဏီမှ ကျသင့်ဒဏ်ကြေးများ ပေးဆောင်နိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးဓာတုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၃၉၆၀၀)ကို လည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID) ဖွင့်လှစ်ပြီး လေးနှစ်ကျော်လွန်ပြီးသည်အထိ လာရောက်ထုတ်ယူခြင်း မရှိဘဲ ပိုင်ရှင်မှစွန့်လွှတ်ခဲ့သည့် မော်တော်ယာဉ် ကိုးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅,၅၅၃,၂၈၄) ကို လည်းကောင်း၊ Myanmar Integrated Port Limited(MIPL) ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပြီး ငါးနှစ်ကျော်လွန်ပြီးသည်အထိ လာရောက်ထုတ်ယူခြင်းမရှိဘဲ ပိုင်ရှင်မှ စွန့်လွှတ်ခဲ့သည့် မော်တော်ယာဉ် ရှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၈၄၉၂၈၈၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝက်လက်မြို့နယ်အတွင်း Zomgsgen 125 CZI အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၀၊ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၁ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၃၂၅၆၄၀၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

■

## နောင်မွန်နယ်မြေရဲစခန်းရှိ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဇွန် ၂၄။ ။ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းမှ ရဲအုပ် စောနိုင် ဦးစီးသော တပ်ဖွဲ့ဝင် ငါးဦးသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နောင်မွန်တိုက်နယ် ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းခြင်းများဆောင်ရွက်ခဲ့ရာ တာဝန်ခံဆရာဝန်က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၆-၂၀၂၂ စနေနေ့

### MRTV HD

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ် ဒီမိုကရေစီ
၀၉:၁၀ ယုက်ဖြာသွယ်တန်းထားပုလဲကေရီမှ ကျေးလက်ကွန်ရက်များ(အပိုင်း-၂)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၀ မြန်မာဇာတ်လမ်း 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၁၀)
၁၃:၃၀ MRTV National News
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၁၅ ရှုလေမြင်လေကမ္ဘာမြေ
၁၇:၃၀ (၃၅)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၁၇:၄၅ စစ်ပီးငြိမ်းချိန်တန်ပါပြီ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတစေတြာသီရိဂေဟာ
၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လျှို့ဝှက်ချက်' (အပိုင်း-၁၀၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၃၀)ဖြာမင်္ဂလာ 'ပဏ္ဍိတာနှင့်ဥသေဝနာ' နှင့် 'ဝမ္ဘဝရိယာဝ'
၂၁:၅၀ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

### mitv

07:02 Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:08 Weekly Review
07:24 San Lin Tun (Winner) Lose2Win with Andy Season 2
07:40 Danu Food: Tofu Dish
07:48 Myanmar Family Life: Respect Household Rules
08:00 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: Jamacia Pavilion at Expo 2020 Dubai
09:36 A Visit to Yangon's Coastal Area
09:54 Let's taste "Sabuti"
10:02 Kayah Style

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အစာအိမ်ရောဂါအကြောင်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားစည်မြေမှ ရိုးရာအလှ(အပိုင်း-၁)

**ချင်း(လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်တို့အလှမွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ပိုးမွေးမြူရေးအကြောင်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကချင်ရိုးရာတာစေးနှင့်ခေါင်ရည်ပြုလုပ်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဲသောမှသဲသောခွါး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ဘဝ၏ရှင်သန်ရာ
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၂၀ News Related Program
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ လုပငဝေစည်ရှမ်းတို့ပြည်
၀၇:၀၀ ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၁၀ အထွက်နှုန်းကောင်းဝင်ငွေကောင်းဖို့ စပ်မျိုးနေကြာစိုက်ကြစို့
၀၈:၅၀ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမှန့်မျိုးစုံစားသုံးကြပါစို့
၀၉:၄၅ ငွေနောင်းရက်ကျန်ကိုအလှဆင်လေသည့် ရွှေဝါရောင်စပါးတို့၏အိမ်အပြန်လမ်း

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ရမ်းသမ်းပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး သေဆုံး၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာရ

နေပြည်တော် ဇွန် ၂၄

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာတွင် ဇွန် ၂၃ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ချောင်းဦးတောင်ရပ်ကွက်၊ ချောင်းဦး-အမြင့်လမ်းဆုံဘက်မှနေ၍ ချောင်းဦးမြို့တွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုကြောင့် တမာမြိုင်ရပ်ကွက်ရှိ လူနေအိမ်များပေါ်သို့ လက်လုပ်စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါ



ဗုံးစထိမှန် ဒဏ်ရာရရှိသူ ဒေါ်မိုးမိုးအောင် မှတ်တမ်းဓာတ်ပုံ။

ရပ်ကွက်နေသူများဖြစ်သည့် မြို့နယ်စည်ပင်သာယာ ဦးစီးဌာနမှ စာရေးဝန်ထမ်းဖြစ်သူ ဒေါ်ဝါဝါမိုး (၂၃)နှစ် (ဘ) ဦးကြည်လွင်နှင့် ဒေါ်ပေါက်ပေါက်(ခ) ဒေါ်ထားထားနွယ်(၅၀)နှစ် (ဘ)ဦးဌေးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးကြည်လွင်(၅၀)နှစ် (ဘ)ဦးချစ်အောင်၊ ပညာရေးဝန်ထမ်းဖြစ်သူ ဦးမောင်မောင်ကျော်(၄၁)နှစ် (ဘ) ဦးညဏ်ရှိန်၊ ဒေါ်နွယ်စန်း(၅၃)နှစ် (ဘ)ဦးဘိုလေးနှင့် ဒေါ်မိုးမိုးအောင်(၃၅)နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ချောင်းဦး



ချောင်းဦးမြို့နယ်၌ ဗုံးသီးထိမှန်ပျက်စီးခဲ့သည့် နေအိမ်များမှ မိသားစုဝင်များအား ထောက်ပံ့ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့ရွာများအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ကာ အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိသေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ✻ မြို့နယ်အချို့


ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် ထုံးဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ မွန်ပြည်နယ် သထုံမြို့နယ် ရှမ်းစုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကြီးပင်တဲကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတို့၌ ကျောင်းသားကျောင်းသူများ ပညာရည်သင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများက ခြိမ်းခြောက်စာများ ကပ်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၏ လက်ကိုင်ဖုန်းအတွင်းသို့ "ကျောင်းဆက်လက်မတက်ဖို့မေတ္တာရပ်ခံ သတိပေးအပ်ပါတယ်။ ကျွန်တော်တို့၊ ကျွန်မတို့၏ သတိပေးမှုကို အလေးမထားဘဲ ရှေ့ဆက်မည်ဆိုပါက ဆရာမကြီးနှင့် ဆရာမကြီး၏ မိသားစုအသက်အန္တရာယ်အား တာဝန်ယူမည်မဟုတ်" ဟု ခြိမ်းခြောက်စာ ပေးပို့ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြိမ်းခြောက်စာပေးပို့သူအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ထို့ပြင် ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်း၏အနောက်ဘက်လမ်းသွယ်အတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်အသံဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် KG ဆောင်နှင့် Grade-1 စာသင်ဆောင် နောက်ကျောဘက်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။




စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ စာသင်ကျောင်းအတွင်း ခြိမ်းခြောက်စာ လာရောက်ကပ်သွားမှု မှတ်တမ်းဓာတ်ပုံ။



မွန်ပြည်နယ် သထုံမြို့နယ်၌ စာသင်ကျောင်းအတွင်း ခြိမ်းခြောက်စာရေးသွားမှု မှတ်တမ်းဓာတ်ပုံ။




မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ စာသင်ကျောင်းတွင် ခြိမ်းခြောက်စာတစ်စောင်တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်များမှ ကျောင်းသားကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေ ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်နေ ဇော်မင်းအောင်(ခ)ဇော်ကြီးသည် ၎င်းအသုံးပြုသည့် "Zaw Min Aung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာနေ ထွန်းဇော်သည် ၎င်းအသုံးပြုသည့် "Htun Zaw" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာနေ နွဲ့နွဲ့ဝင်းသည် ၎င်းအသုံးပြုသည့် "Nwe Nwe Win" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ ဖြူဖြူအောင်သည် ၎င်းအသုံးပြု သည့် "Phyu Phyu Aung" Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျာသီရိရပ်ကွက်နေ ရဲရင့်သူသည် ၎င်းအသုံးပြုသည့် "Ko Ye" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ခင်သကြဲန်(ခ)မွန်မွန်နှင့် အမှတ်(၈)ရပ်ကွက်နေ လွင်လွင်အောင်တို့သည် ၎င်းတို့အသုံးပြုသည့် "Mon Mon" Facebook အကောင့်နှင့် "Lwin Lwin Aung" Facebook အကောင့်နှင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကြိမ်နီတောင်ကျေးရွာနေ စိုးသဇင်နွဲ့(ခ)ရိုကိုင်ရာသည် "Yo Kai Ya" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

Grade 6 ကျောင်းသားကျောင်းသူများအတွက် Unit 1 Greeting people မှ Lesson 4 Let's send a postcard နှင့် ဆက်စပ်သည့် မှတ်သားစရာ အကြောင်းအရာများနှင့် လေ့ကျင့်ခန်းများကိုထည့်သွင်းဖော်ပြလိုက်ပါသည်။

### Unit 1 Greeting people
### Lesson 4: Let's send a postcard

- Verb to be + adjective (…သော မှ …သည်)

သောနဲ့ဆုံးတဲ့ နာမဝိသေသနတွေကို Verb to be နဲ့ရေးသားတဲ့အခါ … သော မှ …သည် အဖြစ် ပြောင်းလဲသွားပါတယ်။

ဥပမာ။ I am thirsty. (ကျွန်တော်ရေဆာတယ်။)

thirsty ရေဆာသော (နာမဝိသေသန) ကို am, is, are နဲ့ တွဲရေးရင် သော မှ သည် အဖြစ်ပြောင်းလဲသွားပါတယ်။

ဥပမာ။ They are hungry. (သူတို့ ဗိုက်ဆာတယ်။)

hungry ဗိုက်ဆာသော (နာမဝိသေသန) ကို am, is, are နဲ့တွဲရေးရင် သော မှ သည် အဖြစ်ပြောင်းလဲသွားပါတယ်။

အောက်ပါ နာမဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားပါ။

beautiful, big, pleasant, colourful, happy, fine, lovely, fresh,

1. Hla Hla is _____________.
2. Our school is _____________.
3. PyinOoLwin is _____________.
4. The flowers in the garden are _______________.
5. We are ____________ to see you.
6. I am __________ today.
7. My dog Aung Net is __________.
8. The vegetables in the basket are __________.

### Present Continuous Tense (am, is , are + V–ing)

လုပ်ရပ်တစ်ခု မပြီးပြတ်သေးကြောင်း၊ လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဖော်ပြပြောဆိုရာတွင် Present Continuous Tense ကိုသုံးရသည်။ 'နေသည်' ဟု ဘာသာပြန်ဆိုရသည်။ အချိန်ညွှန်းကိန်းများ (now, at present, at this moment, at the moment)

e.g. I **am listening** to music now. (ယခုလုပ်နေဆဲ)

e.g. We **are playing** tennis.

e.g. She **is singing** on the stage.

e.g. The child **is dancing** beautifully.

မှတ်သားရန်။ see, hear, feel, smell, think, believe, want, wish, know, like, dislike, love, hate, mean, understand,... etc စတဲ့verb တွေကို Continuous tense နဲ့ရေးလို့မရပါ။

Exercise: 1. ကိုကို သတင်းစာဖတ်နေတယ်။ (read/ the newspaper)

_________________________________________.

2. မောင်မောင် မန္တလေးသွားနေတယ်။ (go to Mandalay)

_________________________________________.

3. ကျွန်တော် အိမ်တစ်လုံးဆောက်နေတယ်။ (build/ a house)

_________________________________________.

4. မေမေ ကြက်သားဟင်းချက်နေတယ်။ (cook/ the chicken curry)

_________________________________________.

5. ဖေဖေ တီဗွီ ကြည့်နေတယ်။ (watch/ TV)

_________________________________________ .

### There is/ are …. (တည်နေရာရှိကြောင်းဖော်ပြ)

**Subject မတိကျဘဲ အရေအတွက်ကိုသာဖော်ပြတဲ့ တည်နေရာဝါကျတွေကို ဖော်ပြရာတွင် There is/are ကို သုံးရပါတယ်။**

(1) A book is on the table. (မတိကျတဲ့အတွက် ရေးလို့မရ)

(2) The book is on the table. (တိကျတဲ့အတွက် ရေးလို့ရပါတယ်။)

(3) My book is on the table. (တိကျတဲ့အတွက် ရေးလို့ရပါတယ်။)

ဒါဆို စားပွဲပေါ်မှာ စာအုပ်တစ်အုပ်ရှိတယ်ဆိုတာကို ဘယ်လိုရေးရမှာလဲ။

Subject မတိကျရင် There is/ are ပုံစံနဲ့ ရေးရပါတယ်။

A book is on the table. (မှား)

There is a book on the table. (မှန်)

အောက်ပါဥပမာကို လေ့လာကြည့်ပါ။

ဥပမာ။ အတန်းထဲမှာ ကျောင်းသားကျောင်းသူ ၅၀ ရှိတယ်။

There are 50 students in the class. (ကျောင်းသားတွေ ဘယ်သူလဲဆိုတာ အတိအကျ မဖော်ပြထားတဲ့အတွက် There is/are ပုံစံနဲ့ရေးရပါတယ်။)

ကျော်ကျော်၊ ကိုကိုနဲ့ မမ တို့သစ်ပင်အောက်မှာရှိတယ်ဆိုရင်တော့ Subject တိကျသွားတဲ့အတွက် Kyaw Kyaw, Ko Ko and Ma Ma are under the tree. လို့ရေးရပါတယ်။

There are 50 students in the class.

(တိကျမှုမရှိလို့ there is/are ပုံစံနဲ့ရေး)

Kyaw Kyaw, Ko Ko and Ma Ma are under the tree.

(တိကျလို့ Subject ဖော်ပြီးရေး)

အောက်ပါဝါကျများကို အင်္ဂလိပ်လိုရေးပါ။

1. ရေကန်ထဲမှာ ဘဲငါးကောင်ရှိတယ်။

_______________________________.

2. ကျွန်တော်တို့မြို့မှာ ရေကူးကန် သုံးကန်ရှိတယ်။

_______________________________.

3. မြန်မာနိုင်ငံမှာ ရာသီဥတု သုံးမျိုးရှိတယ်။

_______________________________.

4. စားပွဲပေါ်မှာ စာအုပ် နှစ်အုပ်နဲ့ ခဲတံသုံးချောင်းရှိတယ်။

_______________________________.

5. ကျွန်တော်တို့ကျောင်းမှာ ဆရာ၊ ဆရာမ ၁၀၀ ကျော်ရှိတယ်။

_______________________________.

အောက်ပါအချက်အလက်များကို အသုံးပြုပြီး ပို့စ်ကတ်တစ်ခု ရေးသားပါ။

* Place/ weather /what you can see / Feelings / thoughts /what you can do

Hi (Name), Date_____

Information you want to give

_______________________________________________

_______________________________________________

_______________________________________________

**See you soon/ Love/ Yours,**

**Signature _____**



## Grade 7

**(ယခင်အပတ်မှအဆက်)**

### Lesson 3: Comparing people or things
### (လူများ၊ အရာဝတ္ထုများကို နှိုင်းယှဉ်ခြင်း)

• Comparative adjectives (အလတ်စား နာမဝိသေသနများ)

<u>Grammar</u>

**Comparative adjectives**

- Comparative adjectives are used to compare two people, things, places, etc.
  လူများ၊ အရာဝတ္ထုများ၊ နေရာ စသည်တို့ကို နှိုင်းယှဉ်ဖော်ပြရာတွင် အလတ်စားနာမဝိသေသနများကို သုံးသည်။
- We use than after the comparative adjective. အလတ်စား နာမဝိသေသန၏နောက်တွင် than ကိုပါ ထည့်သွင်းရေးသား ရသည်။

e.g. Ni Ni is shorter than Phyu Phyu.

**<u>အနိမ့်စားနာမဝိသေသနမှ အလတ်စားနှင့် အမြတ်စားနာမဝိသေသန ပုံစံပြောင်းနည်း</u>**

(1) အသံတစ်သံနှင့် အသံနှစ်သံထွက်တဲ့ အချို့နာမဝိသေသနတွေကို အနိမ့်စားနာမဝိသေသနမှ အလတ်စားပြောင်းပါက "er"၊ အမြတ်စား ပြောင်းပါက "est" ပေါင်းပါ။

ဥပမာ။ rich – richer – richest , small – smaller – smallest , old – older – oldest …etc.

(2) ဗျည်းဆုံးပြီး ဗျည်းရှေ့မှာ သရတစ်လုံးရှိနေရင် နောက်ဆုံးဗျည်းကို နှစ်ဆပြုပြီးမှ အနိမ့်စားဆိုလျှင် "er"၊ အမြတ်စားဆိုလျှင် "est" ပေါင်းပါ။

ဥပမာ။ fat – fatter – fattest, thin – thinner – thinnest, sad – sadder – saddest …etc.

(3) အသံနှစ်သံထက်ကျော်ပြီး စာလုံးပေါင်းတွေကလည်း များနေမယ်ဆိုရင် အလတ်စားဆိုလျှင် "more"၊ အမြတ်စားဆိုလျှင် "most" ပေါင်းထည့်ပါ။

ဥပမာ။ beautiful – more beautiful – most beautiful, expensive – more expensive – most expensive, intelligent – more intelligent – most intelligent …etc.

(4) "y" ဆုံးပြီး "y"ရဲ့အရှေ့မှာ ဗျည်းရှိနေပါက "y" ကို ဖြုတ်ပြီး အနိမ့်စားဆိုလျှင် "ier"၊ အမြတ်စားဆိုလျှင် "iest" ပေါင်းပါ။

ဥပမာ။ angry – angrier – angriest, happy – happier – happiest, easy – easier – easiest … etc.

(5) ပုံမမှန်တဲ့နာမဝိသေသနတွေကိုတော့ အလွတ်ကျက်မှတ်ထားပါ။

ဥပမာ။ good – better – best, much – more – most, many – more – most, bad – worse – worst, little – less – least, far – further – furthest…etc.

**လေ့ကျင့်ခန်းအားလုံး ဖြေဆိုပါ။**

(1) အောက်ပါနာမဝိသေသနများကို အနိမ့်စားမှ အလတ်စားနှင့် အမြတ်စားပုံစံပြောင်းပါ။

| Positive | Comparative | Superlative |
|---|---|---|
| 1.clean | ___________ | ___________ |
| 2.dark | ___________ | ___________ |
| 3.fast | ___________ | ___________ |
| 4.generous | ___________ | ___________ |
| 5.black | ___________ | ___________ |

**(2) Change the following adjectives into their comparative forms. အောက်ပါ နာမဝိသေသနများကို အလတ်စားနာမဝိသေသန ပုံစံပြောင်းပါ။**

| | Adjectives | Comparatives |
|---|---|---|
| 1. | busy | busier |
| | အလုပ်ရှုပ်သော | ပို၍အလုပ်ရှုပ်သော |
| 2. | careless | _________ |
| | ဂရုမစိုက်သော | ပို၍ဂရုမစိုက်သော |
| 3. | cheerful | _________ |
| | ရွှင်လန်းသော | ပို၍ရွှင်လန်းသော |
| 4. | fat | _________ |
| | ဝသော | ပို၍ဝသော |
| 5. | fit | _________ |
| | ကျန်းမာသော | ပိုကျန်းမာသော |

**Ans: 1. busier 2. more careless 3. more cheerful 4. fatter 5. fitter**

(ဆက်လက်ဖော်ပြပါမည်)

## Grade 8

### Lesson 4: A day–to–day work routine

Writing about daily work routines

<u>Writing</u>

(A) Read about Daw Cho Cho and number the activities she does from morning to evening. (ဒေါ်ချိုချိုအကြောင်း စာပိုဒ်ဖတ်ပြီး လုပ်ဆောင်ချက်များကို အစဉ်အတိုင်း နံပါတ်များတပ်ပါ။)



Daw Cho Cho is a civil engineer working on a construction site. She works from 9:00 AM to 5:00 PM. on weekdays. Let's see how she spends a day as a civil engineer.

(ဒေါ်ချိုချိုသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုရဲ့ မြို့ပြ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ မနက် ၉:၀၀ မှ ညနေ ၅:၀၀ အထိ အလုပ်လုပ်သည်။ ရက်သတ္တပတ်နေ့များတွင် မြို့ပြအင်ဂျင်နီယာတစ်ယောက်အနေနဲ့ သူ့ရဲ့တစ်နေ့တာကို ဘယ်လိုဖြတ်သန်းလဲဆိုတာ ကြည့်လိုက်ရအောင်။)

**(a) After 10:00 AM, she has meeting with her office staff. They usually make a work plan for the next day.**

(နံနက် ၁၀:၀၀ နာရီတွင် ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။ များသောအားဖြင့် နောက်နေ့အတွက် အလုပ်အစီအစဉ်တွေ လုပ်သည်။)

**(b) She always checks the work done at 5:00 PM and assigns the workers what to do the next day.**

(ညနေ ၅:၀၀ နာရီတွင် ပြီးသောအလုပ်အား အမြဲတမ်းစစ်ဆေးပြီး အလုပ်သမားများကို နောက်နေ့အတွက် တာဝန်ပေးသည်။)

**(c) At 1:00 PM, they all have a break for lunch, and resume their work at 2:00 PM.**

(နေ့လယ် ၁:၀၀ နာရီတွင် အားလုံး နေ့လယ်စာ စားကြပြီး နေ့လယ် ၂:၀၀ နာရီတွင် အလုပ်ပြန်စကြသည်။)

**(d) Every day, Daw Cho Cho gets up early, has breakfast and leaves for work.**

(ဒေါ်ချိုချိုသည် နေ့တိုင်း စောစောထကာ မနက်စာ စားပြီး အလုပ်သို့ သွားသည်။)

**(e) At 9:00 AM, she explains the work plan of the day to all the workers. Then, she gets them to start work.**

(နံနက် ၉:၀၀ နာရီတွင် အလုပ်သမားအားလုံးကို အလုပ်အစီအစဉ် ရှင်းပြသည်။ ထို့နောက် အလုပ်စလုပ်ခိုင်းသည်။)

**(f) She often gets home at 6:00 PM. She has a shower and enjoys dinner with her family. Then, she does some reading or watches TV and goes to bed.**

(ညနေ ၆:၀၀ နာရီမှာ အိမ်ပြန်ရောက်သည်။ ရေချိုးပြီး သူ့မိသားစုနဲ့ ညစာစားတယ်။ ထို့နောက် သူမသည် စာဖတ်ခြင်း သို့မဟုတ် တီဗွီကြည့်ကာ အိပ်ရာဝင်သည်။)

**(g) She makes sure every worker is wearing their protective clothing. The work begins at 9:00 AM every day.**

(အလုပ်သမားတိုင်း မိမိတို့၏ အကာအကွယ်အဝတ်အစားများ ဝတ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးသည်။ လုပ်ငန်းကို နေ့စဉ်နံနက် ၉:၀၀ နာရီတွင် စတင်သည်။)

**(h) At 3:00 PM, she goes to the construction site to inspect their work.**

(ညနေ ၃:၀၀ နာရီတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။)

**(i) When she gets to work, she always puts on a safety jacket, boots and a hard hat. She is always aware of safety at the worksite.**

(အလုပ်ရောက်တဲ့အခါ လုံခြုံရေးဂျာကင်အင်္ကျီ၊ ဘွတ်ဖိနပ်နဲ့ အမာခံဦးထုပ်ကို အမြဲဝတ်တယ်။ သူသည် လုပ်ငန်းခွင်အတွင်း လုံခြုံရေးကို အမြဲသတိထားသည်။)

| | | |
|---|---|---|
| (1) _____ | (4) _____ | (7) _____ |
| (2) _____ | (5) _____ | (8) _____ |
| (3) _____ | (6) _____ | (9) _____ |

**(B) Study the following expressions.**

**1. take physical examinations of patients = လူနာများကို ကျန်းမာရေးအခြေအနေ စစ်ဆေးသည်။**

**2. hand over the cases to the medical officer on the next shift = ဆေးအရာရှိထံ လူနာဆေးမှတ်တမ်းများကို လွှဲပြောင်းပေးသည်။**

**3. give treatment to patients = လူနာများကို ဆေးကုသမှုပေးသည်။**

**4. see outpatients at the OPD(Outpatient Department)= ပြင်ပလူနာဌာနတွင် ပြင်ပလူနာများကို ဆေးကုသမှုပေးသည်။**

**5. assist in a surgical procedure in the OT(Operation Theatre)= ခွဲစိတ်ခန်းတွင် ပါဝင်ဆောင်ရွက်သည်။**

**6. check lab test results = ဓာတ်ခွဲခန်းတွင် စစ်ဆေးမှုရလဒ်များကို စစ်ဆေးသည်။**

**7. attend discussion sessions on Continuing Medical Education (CME) = ဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်သည် ။**

**8. take over the cases from the medical officer on the previous shift = ဆေးမှတ်တမ်းများကို လက်ခံရယူသည်။**

**(C) Translate the followings.**

**1. ကျွန်တော်တို့ကျောင်းအုပ်ဆရာကြီးသည် ဦးကျော်ခ ဖြစ်ပါသည်။**

_______________________________________________.

**2. သူသည် အသက် ၅၀ ဝန်းကျင် ရှိပါသည်။**

_______________________________________________.

**3. သူ့တွင် သမီးနှစ်ယောက်နှင့် သားတစ်ယောက် ရှိပါသည်။**

_______________________________________________.

**4. ဆရာကြီးသည် အလွန်သဘောကောင်းပါသည်။**

_______________________________________________.

**5. ဆရာကြီးသည် သူ၏တပည့်များကို အမြဲတမ်းဆိုဆုံးမလေ့ ရှိပါသည်။**

_______________________________________________.

**6. ဆရာကြီးသည် ကျောင်းသို့ နံနက် ၈ နာရီတွင် များသောအားဖြင့် ရောက်ရှိပါသည်။**

_______________________________________________.

**7. ဆရာကြီးသည် ကျောင်းကို သူ၏ကိုယ်ပိုင်ကားဖြင့် ကျောင်းသို့ လာပါသည်။** (come to School in his car)

_______________________________________________.

**8. ဆရာကြီးသည် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အလုပ်လုပ်ပါသည်။**

_______________________________________________.

**9. ဆရာကြီးသည် တစ်ပတ်တစ်ကြိမ် အစည်းအဝေး ကျင်းပပါသည်။**

_______________________________________________.

**10. ဆရာကြီးသည် ကျောင်းချိန်အတွင်း စာသင်ခန်းများအတွင်းသို့ လှည့်ပတ်ကြည့်ရှု စစ်ဆေးပါသည်။** (inspect)

_______________________________________________.

**11. ဆရာကြီးသည် သူ၏နေ့လယ်စာကို ကျောင်းစားသောက်ဆိုင်တွင် စားလေ့ရှိပါသည်။**

_______________________________________________.

**12. ဆရာကြီးသည် ကျွန်တော်တို့စာသင်ခန်းကို တစ်ခါတစ်ရံ လာပါသည်။**

_______________________________________________.

**13. ဆရာကြီးသည် ညနေ ၅ နာရီတွင် သူ၏တစ်နေ့တာ လုပ်ငန်းတာဝန်များကို အဆုံးသတ်လေ့ရှိပါသည်။**

_______________________________________________.

**(D) Write a paragraph on the daily work routine of your headmaster/ headmistress based on the questions given below. Add any other information. (ကျောင်းအုပ်ဆရာကြီး ဆရာမကြီးရဲ့ တစ်နေ့တာလုပ်ဆောင်ချက်တွေကို ရေးပါ။)**

- When does he/ she arrive at his/ her office?
  (ဘယ်အချိန်ကျောင်းရောက်သလဲ။)
- How does he/ she come to school?
  (ကျောင်းကို ဘယ်လိုလာသလဲ။)
- What are his/ her working hours?
  (အလုပ်လုပ်တဲ့အချိန်ဘယ်လောက်ရှိသလဲ။)
- How often does he/ she hold an assembly?
  (အစည်းအဝေးဘယ်နှကြိမ်ကျင်းပသလဲ။)
- What time does he/ she usually go around the school?
  (ကျောင်းကို ဘယ်အချိန်မှာ လှည့်လည်စစ်ဆေးမှုပြုလုပ်သလဲ။)
- When is his / her lunch break?
  (နေ့လည်စာ ဘယ်အချိန်မှာစားသလဲ။)
- How often does he/ she visit your class?
  (မိမိရဲ့စာသင်ခန်းကို ဘယ်နှကြိမ်လာသလဲ။)
- When does he/ she finish his/ her work?
  (လုပ်ငန်းတာဝန်တွေ ဘယ်အချိန်မှာပြီးသလဲ။)

**Our Headmaster**

_______________________________________________
_______________________________________________
_______________________________________________
_______________________________________________
_______________________________________________
_______________________________________________
_______________________________________

++++++++++++++++++++++

## Grade 9 (စနစ်ဟောင်း)

(ယခင်အပတ်မှအဆက်)

**ဒီအပတ်မှာ Tenses(ကာလများ)အကြောင်းကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။ အဓိက ကာလသုံးမျိုးရှိပါတယ်။ Present ယခုပစ္စုပ္ပန်ကာလ, Past အတိတ်ကာလ, Future အနာဂတ်ကာလ တို့ဖြစ်ပါတယ်။ ဒီအဓိက ကာလသုံးမျိုးအနက်မှာ တစ်မျိုးချင်းစီကို နောက်ထပ် လေးမျိုးစီ ထပ်ခွဲခြားလိုက်တော့ ကာလ ၁၂ မျိုးဖြစ်သွားပါတယ်။ ဘာတွေလဲဆိုရင် Present Tense မှာ Present Simple, Present Continuous, Present Perfect နဲ့ Present Perfect Continuous တို့ဖြစ်ပါတယ်။ Past Tense နဲ့ Future Tense တို့မှာလည်း ဒီအတိုင်းပဲ လေးမျိုးစီဖြစ်သွားပါတယ်။ ကာလတစ်မျိုးချင်းစီကို ဥပမာဝါကျတွေနဲ့ ရှင်းပြထားပါတယ်။ လေ့လာဖတ်ရှုမှတ်သားပါ။**

### Uses of Tenses

**1. Simple Present Tense[V1, V1 (s/es/ies)]**

အမြဲတမ်းမှန်တဲ့အကြောင်းအရာတွေ၊ လူတွေရဲ့အကျင့်စရိုက်၊ လူမျိုးတွေရဲ့ ဓလေ့ထုံးစံ၊ ပုံမှန်လုပ်လေ့လုပ်ထရှိတဲ့ဖြစ်ရပ်၊ လူတစ်ဦးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို ဖော်ပြပြောဆိုတဲ့အခါမှာ Present Simple ကိုသုံးပါတယ်။

e.g: **1. The earth goes round the sun.**

**2. Mother drinks coffee twice a day.**

**3. My father dislikes coffee.**

Present Simple (V1) နဲ့ရေးသားတဲ့ပုံစံကို လေ့လာကြည့်ပါ။

**ရိုးရိုးဝါကျပုံစံ– Subject များ+ V1 … / Subject နည်း + V1 s/es/ies**

**e.g. I <u>go</u> to school. He <u>goes</u> to school.**

**အငြင်းဝါကျပုံစံ။ Subject များ do not V1 / Subject နည်း does not V1**

e.g. I <u>do not</u> eat beef. She <u>does not</u> drink tea.

**ရိုးရိုးအမေးပုံစံ။ Do Subject များ V1? / Does Subject နည်း V1?**

e.g. Do you go to school? / Does she do homework?

***မှတ်ရန်။ ။***

ဝါကျတွေရေးဖွဲ့တဲ့အခါမှာ Subject Verb agreement ကို သိထားရပါမယ်။ Subject က အနည်းကိန်း(တစ်ခု၊ တစ်ကောင်၊ တစ်ယောက်) ဖြစ်နေရင် Verb ကို အနည်းကိန်းရေးရပါတယ်။

Subject က အများကိန်း(တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ထက်ပိုနေတယ်ဆိုရင် Verb ကို အများကိန်း ရေးရပါတယ်။

Verb ကို အနည်းကိန်းပြောင်းရေးရင် s, es, ies ထည့်ပေးရပါတယ်။ Verb ကို ဘာမှထည့်မထားဘူးဆိုရင် အများကိန်းပုံစံလို့ ယူဆရပါတယ်။ ဒီတော့ Verb အနည်းကိန်းပြောင်းနည်းပုံစံကို လေ့လာကြည့်ပါ။

**Verb အနည်းကိန်းပြောင်းနည်း**

- Verb အများစုကို အနည်းကိန်းပြောင်းပါက "s" ပေါင်းထည့်ပေးရသည်။
- Verb သည် s, ss, sh, ch, x, o ဆုံးရင် "es" ပေါင်းထည့်ပေးရသည်။
- Verb သည် y နဲ့ဆုံးပြီး y ရှေ့မှာ " a, e, i, o, u" ပါရင် y ကို "s" ပေါင်းပါ။

y ရှေ့မှာ ဗျည်း ရှိရင် y ကို ဖြုတ်ပြီး "ies" ပေါင်းပါ။

**(1) အောက်ပါ ကြိယာများကို အနည်းကိန်းပြောင်းပါ။**

| | | |
|---|---|---|
| 1. go ____ | 8. watch ____ | 15. study ____ |
| 2. take ____ | 9. say ____ | 16. read ____ |
| 3. drink ____ | 10. sleep ____ | 17. cry ____ |
| 4. buy ____ | 11. play ____ | 18. run ____ |
| 5. sell ____ | 12. rest ____ | 19. walk ____ |
| 6. come ____ | 13. swim ____ | 20. tell ____ |
| 7. write ____ | 14. eat ____ | |

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ခြင်းကြားကြီးနဲ့ရေကိုယူသဗျ

**ဆင်ဖြူကျွန်းအောင်သိန်း**

**(၁၈.၆.၂၀၂၂ ရက်နေ့မှအဆက်)**

"ကဲ နေတောင်ဝင်နေပြီဟ၊ မုန့်အိုးတည်ဖို့ မီးမွှေးမှပဲဟေ့"

"ဟောတော်"

ကိုဆေးရိုး၏အပြောနှင့် မရှေးမနှောင်းပင် မကျီးဒန်က မိမိ၏ ရင်ဘတ်ကို လက်ဝါးဖြင့် ဖိလိုက်လေသည်။ သူ၏မျက်လုံးမှာ ပြူးနေ၏။

"ဟောတော် မုန့်သာလုပ်တယ်၊ မုန့်ပေါင်းဖို့ ပေါင်းချောင်တောင် မရှိသေးပါကလား"

"အင်း ဟင်းဟင်း"

ကိုဆေးရိုးက မာန်သလို ထန်သလို လည်ချောင်းသံပေးလိုက်၏။

"ဟင်းဟင်း လုပ်မနေပါနဲ့၊ မေ့နေတာကိုးတော့"

မကျီးဒန်က ပြန်၍ပက်လိုက်သောအခါတွင်မူ ကိုဆေးရိုးက လျှော့ပေးလိုက်၏။

"ဒါဖြင့် ဘာလုပ်မလဲ။ ဒီရွာထဲက ဒီပြင်လူတွေ အားမှပဲ ယူပြီး ပေါင်းမလား၊ ဒါမှမဟုတ်ရင် ဘယ်သွားရမလဲပြော"

"သူများဟာကို စောင့်နေရင် သိပ်ပြီးညည့်နက်နေမှာပေါ့ တော်ရဲ့။ ပြီးတော့ သူတို့မှာလည်း တခြားလူ စောင့်နေတာ ရှိချင်ရှိမှာပေါ့။ ပုရပိုက်တန်းသာ သွားလိုက်ပါတော်။ မိချွေးတို့အိမ်မှာ ရှိပါတယ်"

"သေချာရဲ့လားအေရဲ့၊ ဒီပြင်လူငှားသွားရင်"

"မငှားပါဘူး၊ ကျုပ်သေသေချာချာ ပြောထားပြီးသားပါ။ အခုမှ မေ့နေလို့"

မကျီးဒန် စကားအဆုံးတွင် ကိုဆေးရိုးက လမ်းမဘက်သို့ ခပ်သွက်သွက်လှမ်းထွက်လာခဲ့လေ၏။

အမှောင်မဖုံးသေးပေမယ့် ရွာထဲတွင် ဟိုတစ်စ သည်တစ်စနှင့် မီးထွန်းနေကြချေပြီ။ ဝါးလုံးကို မြေမှာစိုက်၍ ဝါးလုံးတွင်ခြေတံပါသော ကြာအုံရောင်စုံကလေးတွေကို အလှထွန်းနေကြပေပြီ။ ဝတ်ကျောင်း၌မူ ချိတ်ဆွဲရသော ဘီးလူးမျက်ကွင်း၊ ဒူးရင်းသီးပုံ စသောမီးပုံးများကို ထွန်းညှိထား၏။ ဝတ်ကျောင်းမှာ မနေ့တစ်နေ့ကမှ အပြေးအလွှား ပြင်ဆင်ထားသဖြင့် သစ်လွင်နေပေသည်။ သစ်သော ဝတ်ကျောင်းဝယ် အမြိတ်တဖွားဖွားနှင့် ရောင်စုံမီးလုံးများ ထွန်းညှိထားသည်မှာ ကြည်နူးစရာကောင်းသလိုလို။

အရှေ့ဘက် သစ်ပင်များကြားမှလည်း လဝန်းကြီးသည် ဖြိုးဖြိုးအိအိထွက်ပေါ်နေပြန်သည်။ ဟိုအိမ်ကြည့်လည်း မီးရောင်စုံနှင့်၊ သည်အိမ်ကြည့်လည်း မီးရောင်စုံနှင့်။ မုန့်ပေါင်းကြ၊ မုန့်ကြော်ကြသော အနံ့ကလေးကလည်း တသင်းသင်း။ အိမ်တိုင်းလိုလို ထွန်းညှိထားသောမီးများကို လျှောက်ကြည့်ပြီး ပျော်မြူးနေသော ကလေးများမှာလည်းအုပ်လိုက်။ ကိုဆေးရိုး၏ရင်ထဲဝယ် ကြည်နူးလာ၏။ စိတ်ထဲဝယ်ရွှင်လာ၏။ ခြေထောက်များသည်လည်း ပေါ့ပါးသွက်လက်လာလေသည်။

"ကိုဆေးရိုး၊ မုန့်မြည်းသွားပါဦးလား"

မမယ်မတို့အိမ်က လှမ်းခေါ်၏။

"ညကျမှပဲ မြည်းမယ်ဟေ့"

ကိုဆေးရိုးက ပြန်ဖြေရင်း သွက်သွက်ကြီး လျှောက်လာခဲ့သည်။

"ဗျို့ ရီးလေးဆေးရိုး၊ ဘယ်တုံးဗျ" လှအေးက လှမ်းမေးသည်။

"ဒီတင်ပါပဲကွာ"

"ဘာ၊ ဘာ"

အရေးထဲတွင် ဘညိန်း၏ကလေးက လက်ကားယား ခြေကားယားဖြင့် လိုက်ချင်နေပြန်သဖြင့် ကိုဆေးရိုးမှာ "နောက်မှလိုက်ပါ ကလေးရယ်၊ ဘသွားစရာရှိသေးတယ်ကွ။ မိုးလည်းချုပ်နေပါပြီနော်" ဟု ကျေနပ်အောင်ပြောပြီးနောက် ခပ်သွက်သွက် လှမ်းလာခဲ့လေ၏။

ငွေလရောင်သည်လည်းကောင်း၊ အမှောင်သည်လည်းကောင်း ခုတင်ကြီးစု ရွာဟောင်းနေရာသို့ ပြိုင်တူကျရောက်နေပေပြီ။ ရွာဟောင်းသည် တိတ်ဆိတ်နေ၏။ ရင်ကွဲကောင်နှင့် ပုရစ်တို့၏ အော်သံကိုပင် မကြားရ။ ခုတင်ကြီးစု ရွာဟောင်းဘက်မှနေ၍ ပုရပိုက်တန်းရွာဘက်သို့ မျှော်ကြည့်သော် ရွာငယ်သည် ငွေလရောင်အောက်၌ မှုန်ရီနေပေသည်။ လရောင်ဆမ်းထားသဖြင့် ဝါကျွတ်ပွဲကိုကြိုသော မီးရောင်များမှာ မလက်။ မှေးမှိန်နေပေ၏။

"မီးပုံးပျံကြီးဟေ့၊ ဟောဟိုဘက်ကလည်း တစ်လုံးဟ"

ရွာဘက်သို့နီးလာလေလေ ရွာထဲမှကလေးသူငယ်နှင့်လူရွယ်တို့၏ အော်ဟစ်မြူးထူးသံကို ကျယ်လောင်စွာ ကြားရလေလေ။ မိချွေးတို့ အိမ်မှာ ရွာတံခါးဝနှင့် မလှမ်းမကမ်းတွင်ရှိပေသည်။

"ပေါ်မှပေါ်လာကြသေးသကိုး ရီးဆေးရိုးရဲ့၊ ကျုပ်ဖြင့် ပေါင်းချောင်ကြီး ဆေးကြောပြီး တစောင့်စောင့်နဲ့ စောင့်လိုက်ရတာ"

မိချွေးက ကိုဆေးရိုးအား အပြစ်တင်သံဖြင့် ဆီးကြိုပေသည်။ မိချွေးကို အိမ်ဝင်းဝအဝင်တွင် ကိုဆေးရိုးကတွေ့ရကာ မိချွေး၏ လက်ထဲ၌ မီးထွန်းထားသော ဆီမီးခွက်တစ်ခွက်ကိုင်ထား၏။

"အေးဟယ်၊ ကျီးဒန်ကလည်း မေ့နေလို့။ အခု မုန့်ပေါင်းခါနီးမှ ပေါင်းချောင်မယူရသေးတာသိလို့ ပြေးလာတာပဲ"

မိချွေးမှာ ဝင်းခြံတံခါးကို ဆီမီးပူဇော်လျက် ကျန်ရစ်ခဲ့၍ ကိုဆေးရိုးက တဲထဲသို့ဝင်လာသည်။ မိချွေးတို့၏တဲမှာ နွားတင်းကုပ်လို အဆောက်အအုံပုံစံမျိုးဖြစ်သည်။ အုန်းလက်ချထားပြီး တစ်ပိုင်းတွင် ဘာမျှမခင်းဘဲ တစ်ပိုင်းတွင်သာ ဝါးကြမ်းခင်းထားပေသည်။

"ဘယ်ကလှည့်လာလဲ ဒကာကြီးရဲ့"

တဲထဲသို့ဝင်မိလျှင် လေးထပ်ကျောင်းကိုယ်တော် ဦးကျောက်လုံးက ဆီးကြိုနှုတ်ဆက်သည်။

"တင်ပ့ါဘုရား၊ ဒီတင်ပဲပေါင်းချောင်ငှားရအောင် လျှောက်လာတာပါဘုရား"

ကိုဆေးရိုးက မြေပြင်တွင် ဆောင့်ကြောင့်ထိုင်ကာ ဝတ်ဖြည့်ရင်း ဖြေ၏။

**ထို့ကြောင့် အားရပါးရကုန်း၍ အော်ဟစ်ရယ်မောလိုက်မိလေ၏။ ကိုဆေးရိုး အခြောက်တိုက် ဟားတိုက် ရယ်မောရခြင်းအကြောင်းမှာကား သူသည် "မီး၊ မီး" ဆိုသောကြောင့် နွားစာခေါင်းထဲမှရေကို အပြေးအလွှားခပ်ပက်၏။ သို့ရာတွင် ပက်သောပစ္စည်းမှာ ဖင်တွင်အပေါက်များဖြင့် ပြည့်နေသောပေါင်းချောင်ဖြစ်နေ**

"ဩော် ဟိုပေါင်းချောင်ထင်တယ် ကိုဆေးရိုးရေ၊ မနက်ကတည်းက မိချွေး ရေမိုးဆေးပြီး ထောင်ထားတာ"

မိချွေး၏ ယောက်ျားကတဲအဝင်ဝသို့ လက်ညှိုးထိုးပြသဖြင့် ကိုဆေးရိုးကလှည့်ကြည့်သည်။ ပေါင်းချောင်သည် တဲအဝင်ဝမြေပြင်၌ ထောင်နေ၏။ ပေါင်းချောင်၏ ဟိုဘက်ဘေးကထောင့်တွင်ကား ဖျာကြမ်းများ အုပ်ထားသော အရာတစ်ခု။ ထိုအရာကား ပုရပိုက်တန်း ရွာသားတို့စုပြီးဝယ်ထားသော လက်တွန်းလက်ထွန်စက်ကလေးပင် ဖြစ်၏။ လယ်ပိတ်ပြီမို့ ရေမိုးချိုးပြီး နွေသီးအတွက် ထွန်ယက်ရန် ဖျာဆောင်းကာ စောင့်နေလေသည်။

"အေးလေ ရွှေငွေပစ္စည်းရှိခြင်းဟာလည်း ဆင်းရဲခြင်းတစ်မျိုးပဲ။ မရှိခြင်းဟာတော့ ပြောစရာမလိုတဲ့ ဆင်းရဲခြင်းပဲ။ ဒါကြောင့် လူရယ်လို့ ဖြစ်လာရင် ဆင်းရဲချည်းပဲ"

ဆရာတော် ဦးကျောက်လုံးက ကိုဆေးရိုးမရောက်လာမီက ဆွေးနွေးဟန်တူသော တရားစကားကို ဆက်လက်မိန့်ကြားလိုက်စဉ် မိချွေးက ဆီမီးခွက်တစ်ခွက်ကိုင်၍ တဲထဲသို့ဝင်လာကာ လယ်ထွန်စက်ပေါ်သို့ ဆီမီးခွက်ကိုတင်သည်။ ကျုံ့ကျုံ့ထိုင်၍ လယ်ထွန်စက်ကို ရှိခိုးသည်။

"ဟဲ့မိချွေးရဲ့ နင်တို့ဟာက ကျွဲနွားနဲ့ ထွန်တုံးယက်တုန်းကလည်း နွားတင်းကုပ်တို့၊ ထွန်တုံး ထယ်ပေါင်တို့ကို ရှိခိုးရ၊ မီးပူဇော်ရနဲ့။ အခု စက်နဲ့ ထွန်ပြန်တော့လည်း စက်ကို မီးပူဇော်ရနဲ့၊ မဟုတ်သေးပါဘူးဟယ်"

ဆရာတော် ဦးကျောက်လုံးက ညည်းညည်းညူညူ မိန့်တော်မူသည်။ မိချွေးက ပခုံးတင်တဘက်ကို လည်ပင်းတွင်ပတ်ရင်း ဆင်ခြေပေး၏။

"စက်တော့ကော လယ်ထွန်စက်စောင့်တဲ့နတ် မရှိတော့ဘူးလားဘုရား"

"နတ်ရှိတယ်ပဲထားပါ မိချွေး။ အဲဒီနတ်က ဆီမထည့်ဘဲနဲ့ စက်သွားအောင် လုပ်မပေးပါဘူးဟ။ အသွားမတပ်ဘဲနဲ့ ထွန်ရေးရအောင်လည်း မမစနိုင်ပါဘူး"

ကိုဆေးရိုးမှာ ကျေနပ်လှစွာဖြင့် ပြုံးနေမိလေ၏။ "နင်တို့ လယ်သမားတွေရဲ့ ဘဝကို နင်တို့ ပြန်ပြီး ကြည့်စမ်း။ နွားနဲ့တဟဲ့ဟဲ့ ထွန်ယက်ရာက စက်နဲ့ထွန်လာကြပြီ။ နွားချေးမြေဆွေးသာ ချရမှန်းသိတဲ့ ဘဝကနေပြီး ဓာတ်ဆားတို့၊ သာကူစေ့တို့ သုံးရမှန်းသိလာပြီ"

ဆရာတော်သည် မည်သူမျှ ကြားမဝင်နိုင်အောင် ဆက်လက်မိန့်ကြား၏။

"တစ်ခါ ဖိုခုံလောက်ဆိုင်စိုက်ရာက အတန်းလိုက်စိုက်သည်အထိ တိုးတက်လာပြီ။ ရှေ့နှစ်ဆိုရင် စက်နဲ့ရိတ်၊ စက်နဲ့နယ်၊ စက်နဲ့ စိုက်ကြဦးမယ်။ အေး၊ သို့သော်လည်း နင်တို့ဟာက ရုပ်ဝတ္ထုသာလျှင် တိုးတက်တာပါကလား မိချွေးရဲ့။ နင်တို့ရဲ့ အသိဉာဏ်နဲ့ ပတ်သက်တဲ့ဟာကတော့ ထွန်တုံးကို မီးပူဇော်ရာက လယ်ထွန်စက်ကို မီးပူဇော်တာပဲပြောင်းလွဲပါကလား၊ အင်း"

ဆရာတော်က အင်းရှည်ကြီးချလိုက်စဉ် ကိုဆေးရိုးသည် ထပ်၍ ဝတ်ဖြည့်ရင်း ကုန်းထလေသည်။

"ပြန်တော့မလား ဒကာကြီး"

"တင်ပ့ါဘုရား"

"အဲလေ၊ ကျုပ်ပြောတာကို ဒကာကြီးလည်း စဉ်းစားကြည့်စေချင်တယ်လေ"

"စဉ်းစားဖို့ မလိုပါဘူး ဘုရား။ အင်မတန်သင့်လျော်ပြီး အင်မတန်မှန်ကန်တဲ့ စကားပါဘုရား" ကိုဆေးရိုးက အခွင့်ရသည်မို့ မြိန်ရေရှက်ရေကြီး ထောက်ခံလျှောက်ထားပြီးနောက် ပေါင်းချောင်ဆွဲ၍ ထွက်လာခဲ့၏။ ရွာပြင်သို့ ရောက်လာသောအခါ စောစောကလို လင်းမနေပေ။ ကိုဆေးရိုးက လဝန်းရှိမည်ထင်သောနေရာသို့ မော့ကြည့်၏။ ဘာမျှမမြင်ရပေ။ ကောင်းကင်သည် မည်းနေသည်။ မှောင်နေသည်။

မှောင်ပင်မှောင်သော်လည်း သွားနေကျလမ်းမို့ ကိုဆေးရိုးက သွက်လက်စွာ ပြန်လာနိုင်ပေ၏။ ရမ်းဘိုကုန်းရွာသည် ကိုဆေးရိုးအား လှပသောမီးရောင်စုံဖြင့် ဆီးကြိုနေပေ၏။ ကလေးတို့၏ မြူးထူးသံ၊ ကာလသားတို့၏ ပလွေသံ၊ သီချင်းသံများသည် အမှောင်အောက်က လှပသော ရွာငယ်ကို တိုး၍တိုး၍တင့်တယ်အောင် ဖန်ခြယ်နေပေ၏။

"မီး၊ မီး၊ မီး"

ကိုဆေးရိုးမှာ နှင်တံ၏သံချွန်ဖြင့် အထိုးအဆွခံရသလို ရမ်းပြီး ပြေးလာမိလေ၏။ ပြေးသာပြေးလာရသည်။ မီးဘယ်မှာ လောင်မှန်း မသိ။ ရွာခေါင်း၏မောင်းသံသည်လည်း ဆူညံသွားလေ၏။

"မီးဟ၊ မီးဟ၊ ထွန်းဟန်တို့ အိမ်ကဟေ့၊ ကိုထွန်းဟန်တို့အိမ်ကဟ"

မီးမှာ တံစက်မြိတ်တွင် ချိတ်ဆွဲထားသော မီးပုံးကိုလောင်ရာက တံစက်မြိတ်မှတစ်ဆင့် အိမ်သို့ကူးခြင်းဖြစ်သည်။ တစ်ရွာလုံး အော်ဟစ်သံများဖြင့် ညံနေ၏။

ကိုဆေးရိုးသည် နီးရာနွားစားခွက်ထဲမှရေဖြင့် ခပ်ပက်သည်။ အချို့ကထရံကိုဆွဲဖျက်သည်။ သက်ငယ်ကိုဖျက်ချသည်။ ရေအိုးဖြင့် ပေါက်၏။ မီးကပ်ဖြင့်ဖိ၍ ဂုန်အိတ်စုတ်ဖြင့် အုပ်သည်။

မီးကို လူကနိုင်သွား၏။ သည်အခါကျမှ ကိုဆေးရိုးသည် မိမိကိုယ်ကို ပြန်၍သတိထားမိသည်။ မိမိ၏အဖြစ်ကို မည်သူသိသလဲဟု လှမ်းကြည့်၏။ မည်သူမျှ သိဟန်မတူ။

ထို့ကြောင့် အားရပါးရကုန်း၍ အော်ဟစ်ရယ်မောလိုက်မိလေ၏။

"ဟား ဟား၊ ဟား။ ဟား၊ ဟား၊ ဟား"

ကိုဆေးရိုး အခြောက်တိုက် ဟားတိုက်ရယ်မောရခြင်းအကြောင်းမှာကား သူသည် "မီး၊ မီး" ဆိုသောကြောင့် နွားစာခေါင်းထဲမှရေကို အပြေးအလွှားခပ်ပက်၏။ သို့ရာတွင် ပက်သောပစ္စည်းမှာ ဖင်တွင်အပေါက်များဖြင့် ပြည့်နေသောပေါင်းချောင်ဖြစ်နေ၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ – ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်–

(က) **ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) Ph.D(Anatomy) | ၃ နှစ် |
| (၂) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) Ph.D(Physiology) | ၃ နှစ် |
| (၃) | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ) Ph.D(Biochemistry) | ၃ နှစ် |
| (၄) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) Ph.D(Medical Microbiology) | ၃ နှစ် |
| (၅) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) Ph.D(Pharmacology) | ၃ နှစ် |

(ခ) **ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) Dr.Med.Sc(General Medicine) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) Dr.Med.Sc(General Surgery) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) Dr.Med.Sc(Paediatrics) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) Dr.Med.Sc(Cardiology) | ၃ နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ) Dr.Med.Sc(Neurology) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) Dr.Med.Sc(Neuro Surgery) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) Dr.Med.Sc(Nephrology) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) Dr.Med.Sc(Urology) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) Dr.Med.Sc(Hepatology) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ) Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ) Dr.Med.Sc(Neonatology) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) Dr.Med.Sc(Hand Surgery) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) Dr.Med.Sc(Gynaecological Oncology) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) Dr.Med.Sc(Reproductive Health) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ) Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတ်မှန်ပညာ) Dr.Med.Sc(Radiology) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုး၊ အကြောအဆစ်ဆေးပညာ) Dr.Med.Sc(Rheumatology) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ) Dr.Med.Sc(Spine Surgery) | ၃ နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ) Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃ နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ) Dr.Med.Sc(Endocrinology) | ၃ နှစ် |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ) Dr.Med.Sc(Mental Health) | ၃ နှစ် |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| (၃၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ) Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| (၃၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ) Dr.Med.Sc(Dermatology) | ၃ နှစ် |
| (၃၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) Dr.Med.Sc(Histopathology) | ၃ နှစ် |
| (၃၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ) Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| (၄၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) Dr.Med.Sc(Haematopathology) | ၃ နှစ် |
| (၄၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) Dr.Med.Sc(Paediatric Haemato–Oncology) | ၃ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) ခြွင်းချက်သတ်မှတ်ထားသော သင်တန်းများမှအပ သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ) နှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများ နှင့် မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူများဖြစ်ရမည်။
(ဃ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc) အတွက် လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ်မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(င) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန် သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ် ရှိရမည်။
(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) (သို့မဟုတ်) (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (အရိုးရောဂါပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ည) ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုး ခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) ဘွဲ့ရရှိပြီး ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကု ဌာနတွင် လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူများ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)(သို့မဟုတ်)ဆေးပညာမဟာသိပ္ပံ(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(တ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ထ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဒ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဓ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(န) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၉.၈.၂၀၂၂ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရ အောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၉.၉.၂၀၂၂ ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး – ၁၀၀၀၀/– (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD–၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD– ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင် ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ ဘွဲ့လွန်ဘာသာရပ်တစ်ခုချင်းအလိုက်၊ တက္ကသိုလ်အလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့်ဦးရေအဖြစ် တက္ကသိုလ် Website များမှ ကြေညာပေးရန်၊ အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်း ရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ကြောင်း တစ်ပါတည်း ကြေညာအပ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁–၈၃၇၀၉၃၈၊ ၀၁၈–၃၈၂၄၈၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: http//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ရန်ကုန်**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈)၊ မြေကွက်အမှတ်(၄၈)၊ (အလျား ၄၃ပေx အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးအုန်းလွင်လမ်း၊ အမှတ်(၄၈)ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ပပအောင်[၁၃/လရန(နိုင်)၁၃၁၈၈၁]အမည်ပေါက်ကြောင်း၊ ရောင်းသူ ဦးဝင်းအောင်[၁၂/သဃက(နိုင်)၁၄၂၆၉၇] မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှနွယ်[၁၂/သဃက(နိုင်)၀၆၅၀၉၅]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## “ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း”

“ယာဉ်အမှတ် 4H–4597 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**က–ည–န၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂/ပန်းလှိုင်၊ မြေကွက်အမှတ်–၁၄၅–A၊ ဧရိယာ (၀.၁၇၈)ဧက နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးအောင်မိုး(ခ)ဦးလှမိုး၊ ဒေါ်မိမိခိုင်၊ ဒေါ်ကျော့ရွှေရည်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မြေနှင့်အဆောက်အဦ အပြီးအပိုင်အရောင်းအဝယ်စာချုပ် (၄၁၂၃/၂၀၂၂)၊ နေ့စွဲ (၂၅–၅–၂၀၂၂) တင်ပြ၍ ဒေါ်ဝမ်ဖိန်ချွန်း [၁၃/ကကန(နိုင်)၀၀၀၆၉၈]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၄၁၇)၊ အကျယ်အဝန်း ပေ(၄၀x၆၀) ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၄၁၇)၊ မန္တလာလမ်း၊ ၅၄(တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဖေစန်း(EI–၀၅၂၈၀၃) အမည်ပေါက်သောမြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက် ဖခင် ဦးဖေစန်းနှင့် မိခင် ဒေါ်တင်တို့ ကွယ်လွန်ခဲ့သဖြင့် ၎င်းတို့၏ သားသမီး/မြေးများဖြစ်ကြသော ၁။ ဦးစန်းမြင့်လွင်[၁၂/ဒဂတ(နိုင်)၀၁၈၀၀၀]၊ ၂။ ဒေါ်စန်းအောင်[၁၂/လမန(နိုင်)၀၄၇၆၂၆]၊ ၃။ဒေါ်အေးမူ[၁၂/လမန(နိုင်)၀၃၈၈၈၃]၊ ၄။ဦးညွန့်ဖေ[၁၂/လမန(နိုင်)၀၄၄၃၇၇]၊ ၅။ ဒေါ်စန်းစန်းလွင်(ချွေးမ)[၁၂/လမန(နိုင်)၀၄၄၃၆၅]၊ ၆။ ဦးတင်မျိုးလှိုင်(မြေး)[၁၂/ဒဂတ(နိုင်)၀၃၇၇၂၅]တို့မှ မိမိတို့သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ရောင်းချလွှဲပြောင်းခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံရောင်းချခဲ့သဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကျော့ကျော့စံ[၆/မအရ(နိုင်)၀၉၈၄၀၆]မှ (၁၆–၆–၂၀၂၂)ရက်နေ့တွင် နှစ်ဦးနှစ်ဖက်သဘောတူမြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)**
**လင်းသန့်–အိမ်ခြံမြေဥပဒေအကြံပေးရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၅၄၅/က)၊ အကျယ် အဝန်း(၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်သည် ဦးအောင်ရွှေ (MAG–၀၈၁၀၂၈) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ၎င်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်း အကျယ်အဝန်း (၁၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅၄၅/က)၊ နတ်မောက်(၂)လမ်း၊ (၁၈/K)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်နှင့် ဇနီးဖြစ်သူ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ကိတ္တိမမွေးစားသား ဦးမိုးကျော်သူ [၁၂/သဃက(နိုင်)၀၀၁၀၃၃]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းစိုး [၁၁/ရဗန(နိုင်)၀၇၇၄၈၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)**
**လင်းသန့်– အိမ်ခြံမြေဥပဒေအကြံပေးရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၆)၊မြေကွက်အမှတ်(၄၆၇/ခ)၊ပုလဲလမ်း၊အကျယ်အဝန်း(၂၂ပေ×၆၀ပေ)ရှိ ဒေါ်အိသန္တာအောင်(၁၂/ဒဂမ(နိုင်)၀၂၁၂၅၅)အမည်ပေါက်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအားအမည်ပေါက်သူ၏အထူးကိုယ်စားလှယ်စာ(၉၃၁၄/၇-၈-၂၀၂၀)အရ တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဖြိုးအာကာကျော်(၁၂/လသန(နိုင်)၀၂၂၄၈၈)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ဗြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၉၁)၊မြေကွက်အမှတ်(၆၄)၊ဦးတုတ်လမ်း၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးဝင်းရည်(၁၂/ဗဟန(နိုင်)၀၇၄၄၆၈)အမည်ပေါက်သည့် မြေချပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်များအား အရောင်းအဝယ်အရပ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးယုနိုင်(၁၂/အလန(နိုင်)၀၂၈၂၁၃) ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ဗြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊(၃၂)ရပ်ကွက်၊မြေကွက်အမှတ်(၃၁၀)၊ချမ်းမြေ့သာယာလမ်း၊(၄၀ပေ×၆၀ပေ)ရှိ ဦးအေးမောင်(CA၀၄၆၀၂၆)အမည်ပေါက်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအား မိဘများကွယ်လွန်သဖြင့် သားသမီးများအဖြစ်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ရီရီအေး(၁၂/ကမရ(နိုင်)၀၃၂၂၀၆)၊ဦးရေအေး(၁၄/ဝခမ(နိုင်)၀၁၂၁၁၅)၊ဒေါ်မိုမိုအေး(၁၂/ကမရ(နိုင်)၀၁၃၅၁၀)၊ဦးခင်မောင်အေး(၁၄/ဟသတ(နိုင်)၀၅၈၉၈၄)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် (၉၄)ကြိမ်မြောက် ဝါဆိုခြင်းလုံးအလှူခတ်ပွဲတော်တွင် ခြင်းအသင်း ၁၀၀ ကျော် ပါဝင်ခတ်ကစားမည်



မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် (၉၁)ကြိမ်မြောက် ဝါဆိုခြင်းလုံးအလှူခတ်ပွဲ ကျင်းပစဉ်။

မန္တလေး ဇွန် ၂၄

မဟာမုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် (၉၄)ကြိမ်မြောက် ဝါဆိုခြင်းလုံးအလှူခတ်ပွဲတော်ကို ဇွန် ၂၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ခြင်းအသင်းပေါင်း ၁၀၄ သင်း ပါဝင်ကစားသွားမည်ဖြစ်ကြောင်း ဝါဆိုခြင်းဆပ်ကော်မတီမှ သိရသည်။

**ရည်ရွယ်ကျင်းပ**

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာခြင်းခတ်ပညာအားကစားကို မြတ်မြတ်နိုးနိုး တန်ဖိုးထားစေရန်၊ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်း မတိမ်ကော မပပျောက်အောင်ထိန်းသိမ်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

“အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်ကျင်းပလာခဲ့တာ (၉၄)ကြိမ်

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❂

**ယနေ့ ဖတ်စရာ**

**စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ရမ်းသမ်းပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး သေဆုံး၍ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ ဒဏ်ရာရ**

စာမျက်နှာ » ၁၅

**လေ့လာစရာ အင်္ဂလိပ်စာ**

စာမျက်နှာ » ၁၆၊ ၁၇

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဇွန် ၂၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၀ ဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

**အပြီးသတ်ရွေးချယ်မည်**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခင်က ပဏာမကစားသမား ၂၆ ဦးသာ ရွေးချယ်ထားသော်လည်း ကစားသမားလေးဦး ထပ်တိုးရွေးချယ်ခဲ့သဖြင့် ပဏာမကစားသမား ၃၀ အထိရှိလာခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင်လပထမပတ်တွင် ယှဉ်ပြိုင်ရမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

## မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှု မဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကိုမလိုလားသူ နိုင်ငံရေး အစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ဗုံးဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့၌ စာသင်ကျောင်းအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၂၄

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ၊ ပညာရေးအဆောက်အအုံများအနီး ဗုံးဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻